လယ်ယာ စီးပွားရေး သတင်း

The Agri-Business News

၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။

ဝ၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ စနေနေ့

(1-7-2023) အမှတ် (၉၂၇)

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဈေးကွက်ပိုမို ရရှိနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အကောင်းဆုံး လက်တွေ့အကျင့်ကောင်း (GAP) ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP) တို့ကို ကျင့်သုံးပါ။

စစ်ကိုင်းမတ်ပဲ ဈေးကောင်းရရှိနေ — စာ-၄ ABC-004

မြန်မာ့ ပထမဆုံး ထောပတ်သီးသန့်စင်ထုပ်ပိုးစက်ရုံ — စာ-၉ ဇော်လင်းထွဋ်

ဂရစ်ပင် ဆေးဖက်ဝင် — စာ-၁၂ ကြေးမုံငယ်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမည့် စိုက်ပျိုးမွေးမြူရေးမျိုးဆက်သစ်များ

ဇော်လင်းထွဋ်

ကမ္ဘာ ပေါ်ရှိနိုင်ငံအသီးသီးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာခေတ်၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတ မည်မျှပင် ပေါကြွယ်ဝစေကာမူ လူသားအရင်းအမြစ် မကြွယ်ဝလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ပေ။ ထို့ကြောင့် နိုင်ငံတိုင်းသည် လူသားအရင်းအမြစ် ကြွယ်ဝစေရန်အတွက် မျိုးဆက်သစ်လူငယ်များကို ဘက်ပေါင်းစုံက ထူးချွန်ထက်မြက်အောင် ပြုစု ပျိုးထောင်ပေးလျက် ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင် ၅၀ တွင် လက်ရှိအခြေခံပညာ အထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေး မွေးမြူရေးဘာသာရပ်များကို စတင်သင်ကြားပေးနေပြီဖြစ်သည်။

အဆိုပါခရိုင် ၅၀ ရှိ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဇွန် ၁၆ ရက်အထိ စိုက်ပျိုးရေးဘာသာရပ် ကျောင်းသား၊ ကျောင်းသူ ၁၁၀၉ ဦး၊ မွေးမြူရေးဘာသာရပ် ကျောင်းသား၊ ကျောင်းသူ ၇၅၄ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး ပညာသင်နှစ်၏ ပထမလဖြစ်သောကြောင့် ကျောင်းသားဦးရေ အတိုးအလျော့ရှိနိုင်သေးကြောင်း သိရသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ နိုင်ငံတစ်ဝန်း ပြန့်ပွားစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုစေရန်၊ အဆင့်မြင့်ပညာ ဆက်လက် မသင်ကြားနိုင်သော ကျောင်းသား၊ ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာအဖြစ် လမ်းသွယ်များ ဖွင့်လှစ်သင်ကြားပေးနိုင်ရန်၊ အစိုးရနှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုးမွေးမြူရေးကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် အဆိုပါ ကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်သည်။

ယခုနှစ် ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးသော စိုက်ပျိုးမွေးမြူရေးကျောင်းများတွင် တစ်ကျောင်း

စာ-၇ သို့

၂၂ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲ 'စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး' ခေါင်းစဉ်ဖြင့် ကျင်းပ

နေပြည်တော် ဇွန် ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၂ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို "စိုက်ပျိုး စွမ်းအားမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ယနေ့ကျင်းပသည်။(ပုံ)

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး၊ ၄၀ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍကို အဓိကအားဖြင့် မှီခိုလုပ်ကိုင်နေသူများ ဖြစ်ကြကာ လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး စိုက်ပျိုးစွမ်းအား မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက် ရှိသည်။

ထို့ကြောင့် ပထမအဆင့် ဦးစားပေးအနေဖြင့် အဓိက သီးနှံ ၁၀မျိုး အထွက်နှုန်း တိုးတက်စေရန် သက်ဆိုင်ရာ ဦးစီးဌာနများက ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်နေကြကြောင်း သိရသည်။

အလုပ်သမားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရန်လည်း စိုက်ပျိုးထွန်ယက်ရာတွင် အချိန်မီ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ထွန်ယက်ခြင်းမှ ရိတ်သိမ်းသည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ရေး၊ စနစ်ကျ လယ်ယာမြေများ ဖော်ထုတ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးသည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန် အဓိကကျသဖြင့် ရေကို အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်မှသာ စိုက်ပျိုးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး၊ သီးနှံအထွက်နှုန်း တိုးတက်စေရေးနှင့် သီးနှံစိုက်စွမ်းအားမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း လွန်စွာ အရေးကြီးသည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်ရန် ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စိုက်ပျိုးရေးနည်းပညာများ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေကိုအကျိုးရှိ ထိရောက်စွာအသုံးချပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ရမည်ဖြစ်သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက မြေသယံဇာတ၊ ရေသယံဇာတနှင့် မြေယာအသုံးချမှု အခြေအနေများ၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်ရန် အစီအစဉ်များ၊ နွေစပါး၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းများနှင့်ပတ်သက်သည့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ မြေတစ်ဧကချင်း စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူတစ်ဦးချင်း ထုတ်လုပ်နိုင်စွမ်းတိုးတက်ရန် ဆောင်ရွက်သင့်သည့်အချက်များ၊ ရေရရှိရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်မှုလယ်ယာကူးပြောင်းရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြရာ အခမ်းအနား တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခြင်း၊ သုံးသပ်အကြံပြုတင်ပြခြင်းများကို ပါဝင်ဆောင်ရွက်ကြပြီး စကားဝိုင်းသို့ ဦးစီးဌာနများမှ ဝန်ထမ်း ၁၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ **MOALI ပြန်ကြားရေး**

ဝါးပျိုးပင်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၁ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မျှစ် စိုက်ပျိုးထုတ်လုပ်ရေး တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အခြေခံ၍ ကျေးလက်နေ အိမ်ထောင်စုများ၏ လူမှုဘဝ ဝင်ငွေရရှိနိုင်မှု မြှင့်တင်ပေးနိုင်ရေးဆိုင်ရာ စီမံကိန်း၏ **"ဝါးပျိုးပင်ပေးအပ်ပွဲအခမ်းအနား"**ကို ဇွန်၁၆ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပျဉ်းမနားမြို့နယ်ရှိ မြသာ၊ အောင်ဘိသိတ်၊ ကိုးရွာ၊ သံတောင်ဘိုမ၊ နန်းလွင်ဆန်း၊ မြသီတာ၊ ဆိတ်ဖူးတောင်နှင့် လက်ဖက်တောင် ကျေးရွာများနှင့် လယ်ဝေးမြို့နယ် ဇလီဌက်ကြီးတောင် ကျေးရွာတို့မှ တောင်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သဘာဝပတ်ဝန်းကျင်စိမ်းစိုသာယာမှုနှင့်အတူ မျှစ်ချဉ်၊ မျှစ်ခြောက်စသည့် စားသောက်ကုန်ချောများထုတ်လုပ်ခြင်း၊ အခြေခံ ဝါးကုန်ချောထုတ်လုပ်ခြင်းစသည့် မျှစ်စိုက်ပျိုးထုတ်လုပ်ရေး တန်ဖိုးကွင်းဆက် ဖွံ့ဖြိုး တိုးတက်မှုအပေါ်အခြေခံ၍ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားရေး မျှော်မှန်းပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ယခုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

မိုးတွင်းကာလသည် ဝါးစိုက်ပျိုးရန် သင့်တော်သည့်ရာသီဥတုနှင့် အချိန်ကျရောက်နေပြီဖြစ်၍ ဝါးစိုက်ပျိုးလိုသည့် ကျေးရွာများမှ တောင်သူ ကိုယ်စားလှယ်များထံသို့ တစ်ဧကလျှင် ဝါးပျိုးပင် ၂၁၀ နှုန်းဖြင့် စိုက်ပျိုးဧရိယာ ၅၆ ဒသမ ၅ ဧက အတွက် ဝါးပျိုးပင် စုစုပေါင်း ၁၁,၈၆၅ ပင်ကို အခမ်းအနားတွင် ပေးအပ်လိုက်သည်။ (ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော စီမံကိန်းဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မျှစ်နှင့်ဝါးလက်မှုထုတ်ကုန်များ၊ ဝါးစိုက်ခင်း ထူထောင်ခြင်းနှင့် ဝါးရုံများ ရေရှည်စီမံခန့်ခွဲမှုဆိုင်ရာ လက်စွဲစာအုပ်များနှင့် လက်ကမ်းစာစောင်များကို ကြည့်ရှုအားပေးကြသည်။

MOALI ပြန်ကြားရေး

လယ်ယာစီးပွားသတင်း
The Agri-Business News

အယ်ဒီတာချုပ်
မြတ်စိုး(လှိုင်)

အမှုဆောင်အယ်ဒီတာ
တင်ကြည်လှိုင်

ထုတ်ဝေသူ
ဦးမျိုးတင့်ထွန်း
မြ - ၀၀၄၁၀

ပုံနှိပ်သူ
ဦးမောင်နီ
မြ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့

ဒေါင်းခြီးဘလုံး
သက်မော်

ဒီဇိုင်း
မြတ်လင်း၊ ခင်နွယ်နီအောင်သိန်း

ဖလင်၊ ကာလာ
Eagle

ကြော်ငြာ
လယ်ယာစီးပွားသတင်းအဖွဲ့

ဖြန့်ချိရေး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊ စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
– စိမ်ကိန်းဦးစီးဌာန

ဆက်သွယ်ရန်

လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့
ဖုန်း–၆၆၃၅၅၀၅

Email:
agribusinessnews
2000@gmail.
com

အယ်ဒီတာ၏ အာဘော်

ပို့ကုန်မြှင့်တင်၍ သွင်းကုန်အစားထိုးရေး MSME များ ကြိုးပမ်းပေး

MSME လုပ်ငန်းများ၏ အခြေခံရည်မှန်းချက်များမှာ ပြည်တွင်းထုတ်ကုန်ကို အားပေးရန် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်တို့ ဖြစ်သည်။

ယင်းလုပ်ငန်းစဉ်များအောင်မြင်စေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ မကြာခဏသွားရောက်ကာ MSME လုပ်ငန်းများကိုအားပေးကြည့်ရှုရင်း၊ လုပ်ငန်းအောင်မြင်စေရန်အတွက် အကြံဉာဏ်ကောင်းများပေးခြင်း၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်သူ လုပ်အားရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုး၊ မွေးမြူရေးနှင့်ရေထွက်ကုန်ပစ္စည်းများ၏ MSME လုပ်ငန်းများသည် ပို့ကုန်ကိုမြှင့်တင်ရာတွင်လည်းကောင်း၊ သွင်းကုန်ကို အစားထိုးရာတွင်လည်းကောင်း၊ နိုင်ငံတော်အတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည်။

လက်ရှိအခြေအနေတွင် ဈေးကွက်ဝင် ပို့ကုန်အနေဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူလယ်သမားများက မျိုးကောင်းမျိုးသန့်၊ အရည်အသွေးကောင်းဆန်စပါးများကို စိုက်ပျိုးထုတ်လုပ်ပြီးချိန်၌ MSME လုပ်ငန်းများတွင် အကျုံးဝင်သည့်ဆန်စက်များ၏ အခန်းကဏ္ဍသည် အရေးပါလာသည်။

ပို့ကုန်တန်းဝင် ဈေးကွက်က လက်ခံနိုင်သော အရည်အသွေးမီ ဆန်ကောင်းဆန်သန့်များ ကြိတ်ခွဲတင်ပို့ရေးတွင် ခေတ်မီဆန်စက်များဖြင့် အစားထိုးကြိတ်ခွဲတင်ပို့နိုင်မှသာ ဝယ်လက်များက နှစ်သက်လက်ခံကြမည် ဖြစ်သည်။

အလားတူပင် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရေးတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထဲ၌ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်မှု ထိပ်တန်းနိုင်ငံတစ်ခုဖြစ်၍ ပို့ကုန်မြှင့်တင်ကာ နိုင်ငံခြားဝင်ငွေပိုမိုရရှိရေးကို မျှော်မှန်းဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်မှုသည် အရေးပါလာပြီ ဖြစ်သည်။

ထို့ကြောင့် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ သယ်ယူသိုလှောင်၊ ထုပ်ပိုး၊ တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်တင်ပို့မှု ကွင်းဆက် တစ်လျှောက်လုံး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရာတွင် MSME များ၏ အခန်းကဏ္ဍသည် အရေးပါလာပြန်သည်။

ထို့အတူ မြန်မာနိုင်ငံထွက် သစ်သီးဝလံများထဲတွင် အိမ်နီးချင်းနိုင်ငံများရော ဥရောပအပါအဝင် နိုင်ငံတကာကပါ ကြိုက်နှစ်သက်သည့် သီးနှံအမျိုးအစားများစွာ ပါရှိနေသည်။

အမြင်သာဆုံးတင်ပြရလျှင် ပို့ကုန်တန်းဝင် မြန်မာ့သရက်မျိုးများ၊ အရည်အသွေးကောင်း ထောပတ်သီးများ၊ ဖရဲ၊ သခွားမွေးနှင့် စပျစ်၊ ဒူးရင်း၊ မင်းကွတ်စသည့် ပြည်ပဝယ်လက်အကြိုက် သစ်သီးဝလံများ စသည်တို့ပင် ဖြစ်သည်။

ယင်းအသီးအနှံများသည် ကုန်စိမ်းအမျိုးအစားတွင် ပါဝင်နေ၍ လတ်လတ်ဆတ်ဆတ် တင်ပို့မှုမှလည်းကောင်း၊ လယ်ယာကုန်ထုတ်လုပ်မှု အခြေခံ၊ စက်မှုကုန်ချောစားသောက်ဖွယ်ရာ ထုတ်ကုန်များ (Agro-based Industry) အဖြစ် လည်းကောင်း ပို့ကုန်မှ ဝင်ငွေများစွာ ရရှိနိုင်သည့် အခွင့်အလမ်းများစွာ ရှိနေပေသည်။

ယင်းထုတ်ကုန်များကိုသာ MSME လုပ်ငန်းရှင်များက ထိရောက်ပိုင်နိုင်စွာ ထုတ်လုပ်တင်ပို့နိုင်ကြမည်ဆိုလျှင် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသကဲ့သို့ ပို့ကုန်မှဝင်ငွေများ တိုးမြှင့်ရရှိနိုင်သည်သာမက၊ သွင်းကုန်အစားထိုး (ဥပမာ-ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယစသည့် နိုင်ငံများက၊ ယနေ့ဝင်ရောက်လာနေသည့် စားသောက်ကုန်အမျိုးမျိုး) အဖြစ်လည်း တစ်ပါတည်း ဆောင်ရွက်ပြီး ဖြစ်နိုင်ပေသည်။

ထို့ပြင် ဆီထွက်သီးနှံများဖြစ်ကြသည့် နေကြာ၊ မြေပဲ၊ နှမ်းနှင့်အခြားဆီထွက်သီးနှံများ၊ ဆီအုန်းနှင့်အုန်းစသည့်ထုတ်ကုန်များကို MSME လုပ်ငန်းများက ပြည်တွင်းဆီဖူလုံရေး ဦးတည်ချက်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက၊ ယနေ့ပြည်ပက ဝယ်ယူသုံးစွဲနေရသည့် စားအုန်းဆီနေရာတွင် သွင်းကုန်အစားထိုးလာနိုင်မည်ဖြစ်ကာ၊ နိုင်ငံတော်အတွက်ရော၊ တောင်သူများနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိလာနိုင်မည် ဖြစ်ပေသည်။

ယခုတင်ပြခဲ့သည်များမှာ MSME လုပ်ငန်းများက ဆောင်ရွက်နိုင်၊ ဆောင်ရွက်သင့်သည့် လယ်ယာထွက်ကုန်များထဲက အချို့သာဖြစ်ပြီး ဝါ၊ ကြဲ၊ ရော်ဘာ၊ ကော်ဖီအပါအဝင် ထုတ်ကုန်များစွာ ကျန်ရှိနေပါသေးသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် MSME များကို အနီးကပ်လေ့လာ အားပေးနေသည့် ယခုကာလတွင် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်သည်အထိ ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မိုးစပါးဧက ၂၆ သိန်းကျော် ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးမည်

ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုး ရာသီတွင် မိုးစပါးဧက ၂၆ သိန်းကျော် စိုက်ပျိုးသွားရန် လျာထားကြောင်း ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ထိုမိုးစပါး လျာထားဧကများကို ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တောင်ငူခရိုင်တွင် ၄၅၂၂၂၀ ဧက၊ ပဲခူးခရိုင်တွင် ၆၁၄၉၇၁ ဧက၊ ညောင်လေးပင်ခရိုင်တွင် ၅၇၁၇၀၁ ဧက၊ ပြည်ခရိုင်တွင် ၂၂၆၄၉၆ ဧက၊ သာယာဝတီခရိုင်တွင် ၅၁၇၆၁၂ ဧက နှင့် နတ်တလင်းခရိုင်တွင် ၃၁၄၄၆၃ ဧက၊ စုစုပေါင်း ၂၆၉၇၄၇၂ စိုက်ပျိုးသွားမည် ဖြစ်သည်။

"ကျွန်မတို့ တိုင်းဒေသကြီး အနေနဲ့ မနှစ်က မိုးစပါး စိုက်ပျိုး ထုတ်လုပ်မှုမှာလည်း လျာထားချက်ထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနှစ် မိုးစပါးရာသီမှာလည်း လျာထားချက်ထက် ကျော်လွန် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်မြို့နယ်အလိုက် ကွင်းဆင်းပြီး တောင်သူတွေ အချိန်မီ စိုက်ပျိုးနိုင်ရေး လိုအပ်တဲ့ မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးနဲ့ စက်ကိရိယာများဖြင့် မျိုးစေ့ချ စိုက်ပျိုးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်တင်မြလွင်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် မိုးစပါးဧက ၂၆၉၇၃၁၈ ဧက လျာထားပြီး ၂၆၉၇၃၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧကလျှင် ပျမ်းမျှ ၇၈ ဒသမ ၀၄ တင်းနှုန်းဖြင့် စပါးတင်းပေါင်း ၂၁၀၄၉၄၃၇၉ တင်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ZLH

စစ်ကိုင်းမတ်ပဲ ဈေးကောင်းစားရှိနေ

ရန်ကုန် ဇွန် ၁၉

မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုများပြားသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ မတ်ပဲကို မိုးရာသီတွင် ၈၉၇၈ ဧက၊ ဆောင်းရာသီတွင် ၁၆၄၃၃၉ ဧက၊ စုစုပေါင်း ၁၃၃၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မတ်ပဲဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၀ အထိ ပေါက်ဈေးရှိနေပြီး၊ ယခင်နှစ်ထက် ကျပ်တစ်သိန်းခန့် ဈေးပိုမိုရရှိကြသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြသည်။

မတ်ပဲကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ် ၃၈၀၀၀၀ ကျော်ရှိပြီး၊ အထွက်နှုန်းမှာ တစ်ဧက ၁၆ တင်းခန့်ရှိ၍ တစ်ဧကလျှင် အကျိုးအမြတ် ကျပ် ၁၃ သိန်းခန့် ရရှိကြသည်ဆိုဏ်။

(ABC -004)

ဘားအံမြို့နယ်တွင် မိုးကြိုထယ်ရေးစုပေါင်းထွန်ယက် တောင်သူများအား မျိုးစေ့နှင့်မြေသြဇာ ထောက်ပံ့

ရန်ကုန် ဇွန် ၁၆

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ၊ တောင်သူဦးနေလင်းထွေး၏ လယ် ၁၀ ဧက၌ မိုးကြိုထယ်ရေး၊ စုပေါင်းထွန်ယက်ပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ စုပေါင်းထွန်ယက်ပွဲတွင် ရဲသာ (ကမော့ကစင်)၊ ကော့ကူး၊ ခရစ်၊ နောင်ခရိုင်၊ ကော့မရမ်းနှင့် တောင်ပုံကျေးရွာများက မျိုးစေ့ထုတ်တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲက ထုတ်လုပ်သော မျိုးသန့်မျိုးပွားမျိုးစေ့ (RS) တင်း ၅၀၊ ယူရီးယားဓာတ်မြေသြဇာ အိတ် ၅၀ နှင့် သဘာဝမြေသြဇာ အိတ် ၅၀ တို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

(ABC - 004)

မိုးမြေပဲစိုက်တောင်သူများ ယခုနှစ် ဈေးကောင်းရရှိ

ရန်ကုန် ဇွန် ၂၂

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၂-၂၀၂၄ ခုနှစ်၌ မိုးမြေပဲ ၁၄၆၂၁ ဧက စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် မြေပဲဆီဆန် ဈေးမှာ တစ်တင်းလျှင် ၁၀၄၀၀၀ ကျပ်၊ မြေပဲလုံးဆန် တစ်တင်းလျှင် ၁၀၅၆၀၀ ကျပ်၊ မျိုးမြေပဲ တစ်တင်းလျှင် ၁၀၈၀၀၀ ကျပ် အထိရှိနေပြီး၊ ယခင်နှစ်က မြေပဲဆီဆန် တစ်တင်းလျှင် ကျပ် ၄၅၀၀၀၊ မြေပဲလုံးဆန် တစ်တင်းလျှင် ကျပ် ၄၈၀၀၀၊ မျိုးမြေပဲ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ သာ ရှိခဲ့သည်ဆိုဏ်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းမြေပဲထက် မိုးမြေပဲကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

(ABC - 004)

ရေထွက်ကုန် ၂၄၁ တန် ထိုင်းနိုင်ငံသို့ တင်ပို့

ရန်ကုန် ဇွန် ၆

ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် မေ ၃၁ ရက် မှ ဇွန် ၄ ရက်အထိ ကော့သောင်းကုန်သွယ်ရေးစခန်းက ပို့ကုန်တန်ချိန် ၂၄၁ (ကန် ဒေါ်လာ ၀ ဒသမ ၁၇ သန်းဖိုး) ကို FOB စနစ်ဖြင့် အဓိက တင်ပို့ခဲ့ကြောင်း သိရသည်။

အဓိကတင်ပို့ခဲ့သည့် ရေထွက်ကုန်များတွင် ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆား နယ်၊ ကဏန်း၊ ကင်းမွန် (အစို/ အခြောက်)၊ ငါးမုန့်နှင့် ခရု၊ သီဟိုဠ်စေ့နှင့် ဆီအုန်းတို့ ပါဝင်သည်။

ကော့သောင်းကုန်သွယ် ရေးစခန်းက အများဆုံးတင်ပို့နေ သည့် ကုန်ပစ္စည်း ၁၀ မျိုးတွင် ပလာတူး၊ ပလာလွန်း၊ ငါးဗျက်၊ ရေကြည်ငါး၊ ငါးခွေးလျှာ၊ ပါကင်ငါး၊ ငါးနီငယ်၊ ပဲသွပ်၊ ကုလားအုတ်နှင့် ကြိမ်မွေ့တောင်းတို့ ပါဝင်သည်ဆိုဏ်။

(ABC - 004)

ဘင်္ဂလားဒေ့ရှ်သို့ စိုက်ပျိုးရေးထွက်ကုန် ၅၆၉ တန်နှင့် ရေထွက်ကုန် ၂၃၅ တန်ကျော်တင်ပို့

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သရက်သီး၊ မရမ်းသီး၊ တည်းသီး၊ ချင်း (အစို) ကွမ်းသီး၊ အုန်းသီး၊ ဆီးသီးခြောက်၊ မက်ထရစ်တန်ပေါင်း ၅၆၉ တန်နှင့် ရေထွက်ပစ္စည်း ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ပုစွန်ခြောက်၊ ငါးအစုံခြောက်နှင့် ငါးသလောက် တန်ချိန်ပေါင်း ၂၃၅ ဒသမ ၀၆ တန်ကို ၂၀၂၃ မေလအတွင်းက တင်ပို့ခဲ့ကြောင်း သိရသည်။

မေလအတွင်းက မောင်တောစခန်းက ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပမာဏ ၀ ဒသမ ၆၈ သန်း ဆောင်ရွက်နိုင်ခဲ့သည် ဆိုဏ်။

(ABC - 004)

ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကိရိယာခုနစ်မျိုးဖြင့် စမ်းသပ်ပေးနေ

တောင်သူများ အရည်အသွေးကောင်းမွန်သည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို မှန်ကန်စွာ ရွေးချယ်အသုံးပြုနိုင်ရေးအတွက် စမ်းသပ်ကိရိယာခုနစ်မျိုးဖြင့် စစ်ဆေးတိုင်းတာမှုများကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ အရည်အသွေး စမ်းသပ်စစ်ဆေးရေး ဌာနက စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(ပုံ)

လယ်ယာသုံးစက်ကိရိယာများ၏ ရုန်းအား၊ လည်ပတ်နှုန်း၊ အင်ဂျင်ပါဝါ၊ မီးခိုးပြင်းအား၊ ဝင်ရိုးပါဝါ၊ ဟိုက်ဒရောလစ်ပန့်ပါဝါ၊ ဝန်ချိန်အား၊ ထွန်စက် ဆွဲအား၊ အင်ဂျင်ဘယ်လောက်နှင့် ဂီယာပေါက်များကို အရည်အသွေး စမ်းသပ်စစ်ဆေးပေးခြင်း ဖြစ်သည်။

ရိတ်သိမ်းခြွေလှေ့စက်များ၏ စွမ်းဆောင်ချက် အရည်အသွေး၊ တိကျမှန်ကန်စွာ အသုံးပြုနိုင်ရေး၊ စက်ကိရိယာများ၏ ဘေးကင်းလုံခြုံမှုနှင့် တာရှည်အသုံးပြုနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

MOALI ပြန်ကြားရေး

စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့မှု တိုးတက်စေရန် အဆင့်မြင့်နည်းပညာသင်တန်းများ ပို့ချပေးမည်

အရည်အသွေးမြင့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့မှု တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အဆင့်မြင့်နည်းပညာသင်တန်းများကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘို)က တိုးချဲ့ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘို) အနေဖြင့် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူတိုင်းအတွက် စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ရိတ်သိမ်းချိန်လွန် နည်းပညာပေး သင်တန်းများနှင့် သရက်၊ လောင်ဂန်၊ နဂါးမောက်၊ ကျွဲကောသီးနှံများကို စံပြစိုက်ပျိုး ဆောင်ရွက်ထားသည်။

ထို့ပြင် သင်တန်းပြီးကာလ နောက်ပိုင်းများတွင် သင်တန်းသားများ၏ တုံ့ပြန်ချက်များနှင့် ယင်းတို့၏ အခက်အခဲများကိုလည်း ဆက်လက်ကူညီ ဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။

MOALI ပြန်ကြားရေး

၂၀၂၃-၂၀၂၄ ခုနှစ် လယ်ယာကဏ္ဍ ဂျီဒီပီ ၂ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန် လျာထား

၂၀၂၃-၂၀၂၄ ခုနှစ်တွင် လယ်ယာကဏ္ဍ၏ ဂျီဒီပီ တိုးတက်မှုနှုန်းကို ၂ ဒသမ ၄ ရာခိုင်နှုန်း ရရှိရေး၊ လျာထားဆောင်ရွက်လျက်ရှိရာ၊ လယ်ယာကဏ္ဍမှ ၂ ဒသမ ၅ ရာခိုင်နှုန်း၊ သားငါးမှ ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နှစ်အလိုက် လျာထားစိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်မှုနှင့် သီးထပ်စွမ်းအား မြင့်မားရေးကို အဓိက ဆောင်ရွက်မည် ဖြစ်သည်။

သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အသီးသီး၌၊ ရေရရှိရေး နည်းလမ်းများဖြစ်သည့် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆိုလာရေတင်စနစ်များဖြင့် မြေအောက်ရေရရှိရေး ဆောင်ရွက်ခြင်းနှင့် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

စားသုံးဆီဖူလုံရေး၊ ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရန် လျာထားဧကနှင့် တစ်ဧက ပျမ်းမျှအထွက်နှုန်း ပိုမိုရရှိရေး ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးနှင့် ပဲတီစိမ်း စီမံကိန်းကဲ့သို့ နေကြာသီးနှံ စိုက်ပျိုးခြင်းကို ရေရရှိမှု သေချာသောနေရာများတွင် သွင်းအားစုပ်ပိုးသည့်စနစ်ကို ခွင့်ပြုချက်တောင်းခံ၍ ဆောင်ရွက်သွားမည် ဖြစ်သည်

ထို့ပြင် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ တိရစ္ဆာန်အစာပင်များ စိုက်ပျိုး၍ လှန်ကျောင်းလွတ်ကျွေးသည့်စနစ်မှ လှောင်မွေးရိတ်ကျွေးစနစ်ကို ပြောင်းလဲလုပ်ကိုင်နိုင်ရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုတွင် ဖမ်းဆီးထုတ်လုပ်ခြင်းထက် ငါးပုစွန် မွေးမြူထုတ်လုပ်မှုတိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး ပြောင်းလဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

MOALI ပြန်ကြားရေး

မိုးစပါးဧကာခုနစ်သိန်းခန့် မွန်ပြည်နယ်တွင် စိုက်ပျိုးရန် လျာထား

မော်လမြိုင် ဇွန် ၂၂

ယခုနှစ် မိုးစပါးရာသီတွင် မွန်ပြည်နယ်၌ မိုးစပါးဧက ခုနစ်သိန်းခန့် စိုက်ပျိုးရန် လျာထားထားကြောင်း မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

အဆိုပါ မိုးစပါးကို မွန်ပြည်နယ် ကျိုက်ထိုခရိုင်တွင် ၁၂၇၉၂၆ ဧက၊ သထုံခရိုင်တွင် ၂၆၅၄၆၄ ဧက၊ မော်လမြိုင်ခရိုင်တွင် ၂၃၄၂၁ ဧကနှင့် ရေးခရိုင်တွင် ၆၆၂၄၆ ဧက စုစုပေါင်းဧက ၆၉၃၈၆၇ စိုက်ပျိုးသွားမည်ဖြစ်သည်။

"မွန်ပြည်နယ်အနေနဲ့ နှစ်စဉ်လျာထားဧကကို ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနှစ်မှာလည်း လျာထားဧက ကျော်လွန်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်နယ်အတွင်း စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း သီးထပ်စိုက်ပျိုးမှု မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်နေပါတယ်"ဟု မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးလှမိုးအောင်က ပြောသည်။

မွန်ပြည်နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးရာသီတွင် မိုးစပါးဧက ၆၈၇၈၂၈ လျာထားခဲ့ရာဧက ၆၉၅၆၁၀ အထိ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၆၃ ဒသမ ၆၁ တင်းနှုန်းဖြင့် စပါးတင်းပေါင်း ၄၄၂၄၉၁၆၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ZLH

အမေရိကန် အာလူးအစိမ်းတင်သွင်းမှု ဂျပန်ကတားမြစ်ထားခြင်းကို ပယ်ဖျက်နိုင်ရေး

အမေရိကန် ကြိုးပမ်းသွားမည်

ဂျပန် အစိုးရအနေဖြင့် အမေရိကန်မှ အာလူးအစိမ်း ဝယ်ယူပေးနိုင်ရေး တိုက်တွန်းပေးရန်အတွက် အမေရိကန်နိုင်ငံ၊ Idaho ပြည်နယ် လွတ်တော် ဥက္ကဋ္ဌနှင့် လွတ်တော်အမတ် ၃၁ ဦးက လက်မှတ်ရေးထိုးကာ အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာနသို့ ၂၀၂၃ မေ ၁၁ ရက်တွင် စာရေးသားပေးပို့ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံအတွက် အေးခဲအာလူး အများဆုံးတင်ပို့ရသည့် နိုင်ငံဖြစ်သည်။

အမေရိကန်မှ အာလူးအစိမ်းတင်ပို့မှုကို ဂျပန်နိုင်ငံက တားမြစ်ထားကာ အမေရိကန်က အာလူးအစိမ်းကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ရာစုနှစ်ပေါင်းများစွာ ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း အာလူးအစိမ်းကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံက အာလူးတင်ပို့ရောင်းချနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံဖြင့် စံချိန်တင်ရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံကသာ အာလူးအစိမ်း ဝယ်ယူမည်ဆိုပါက အမေရိကန်သည် ဒေါ်လာသန်း ၁၅၀ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း အမေရိကန် National Potato Council က ထုတ်ပြန်ထားသည်။

အမေရိကန်ပြည်ထောင်စုကလက်ရှိတွင် အင်ဒို-ပစိဖိတ်နိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သို့ အာလူးအစိမ်းတင်ပို့ ရောင်းချလျက်ရှိသည်။

Idaho Potato Commission ၏ အချက်အလက်များအရ အမေရိကန်ပြည်နယ်များက ထွက်ရှိသည့် အာလူးစိမ်းအားလုံး၏ ငါးပုံတစ်ပုံမှာ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ၊ အများဆုံး ဝယ်ယူနေသည့် နိုင်ငံများမှာ ကနေဒါ၊ မက္ကဆီကို၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်း အာလူးထုတ်လုပ်သည့် တောင်သူများကို ကာကွယ်နိုင်ရန်နှင့် အမေရိကန်မှ တင်သွင်းလာမည့် အာလူးများတွင် ပိုးမွှားနှင့်ရောဂါ ကင်းရှင်းစေမှု သေချာစေရေးအတွက် စစ်ဆေးရန် လိုအပ်ချက်ရှိသည်ဟူသော အကြောင်းပြချက်များဖြင့် ထိုသို့ ပိတ်ပင်ထားခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ အာလူးအစိမ်းတင်ပို့မှုကို ဂျပန်နိုင်ငံသာမက မက္ကဆီကိုနိုင်ငံကလည်း တားမြစ်ခဲ့ဖူးပြီး ၂၅ နှစ်ကြာ ကုန်သွယ်ရေးပဋိပက္ခ ဖြစ်ပွားပြီး နောက် ၂၀၂၂ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံသည် အမေရိကန်မှ အာလူးအစိမ်းတင်ပို့မှု ကန့်သတ်ချက်ကို ပယ်ဖျက်ပေးခဲ့ရာ၊ စာချုပ်အသစ်အရ Idaho ပြည်နယ်မှ မက္ကဆီကိုသို့ အာလူးအစိမ်းများကို တင်ပို့နိုင်မည်ဖြစ်သဖြင့် နှစ်အနည်းငယ်အတွင်း မက္ကဆီကိုစျေးကွက်ကို ချဲ့ထွင်ကာ အမေရိကန်ဒေါ်လာသန်း ၂၅၀ ရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Idaho ပြည်နယ်ထွက် အာလူးများကို ဂျပန်စျေးကွက်သို့ တင်ပို့ ရောင်းချနိုင်မည်ဆိုပါက ယင်းပြည်နယ်သည် အာလူးများ ဝယ်လိုအား ပိုမိုရရှိလာကာ ပြည်နယ်ရှိ တောင်သူများ အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

ဂျပန်နိုင်ငံသို့ အမေရိကန်နိုင်ငံက အာလူးအစိမ်း တင်ပို့နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်တွင် တရားဝင် အကြောင်းကြားစာ ပေးပို့ခဲ့ပြီး၊ အမေရိကန်နိုင်ငံက အာလူးအစိမ်း တင်ပို့နိုင်ခြင်း မရှိသည့်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စုရှိ တောင်သူများက တင်ပို့လိုလျှင် အဆိုပါနိုင်ငံသို့ တရားဝင် အကြောင်းကြားစာ ပေးပို့သွားမည် ဖြစ်သည်။

အဆိုပါနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရေးအတွက် လိုအပ်သည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို အမေရိကန်နိုင်ငံက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားထားသည်။

ဂျပန်စျေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်၍ ဂျပန်နိုင်ငံသို့ အာလူးအစိမ်းများ တင်ပို့ခွင့်ရရှိပါကလည်း တင်ပို့သည့် အာလူးအစိမ်းများတွင် ပိုးမွှားကင်းရှင်းစေရေးအတွက် လိုအပ်သည့် ဆောင်ရွက်မှုများကို အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သူဇာဖြိုး

သဘာဝအတိုင်း ဖမ်းဆီးရရှိ ကမ္ဘောဒီးယား ရေထွက်ကုန်များ

တရုတ်နိုင်ငံတင်ပို့ခွင့်ရရှိ

ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်း ဖမ်းဆီးရရှိသော ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ရန် တရားဝင် ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့သည် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်ထုတ်လုပ်သူများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို မကြာသေးမီက ထပ်မံထုတ်ပြန်ခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်း ဖမ်းဆီးရရှိသော ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ရန် နောက်ဆုံးလုပ်ငန်းစဉ်များကို ပြီးစီးပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံက သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို လက်ရှိတွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ပြီဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ သွင်းကုန်ပို့ကုန်နှင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သည့် Kim Chou Co. Ltd ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

သဘာဝအတိုင်း ဖမ်းဆီးရရှိသော ပုစွန်၊ ငါး၊ ငါးရှဉ့်နှင့် မြစ်ခရုအပါအဝင် သဘာဝအတိုင်း ဖမ်းဆီးရရှိသော ရေထွက်ပစ္စည်း ၁၂ မျိုးကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာတွင် တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တိရစ္ဆာန်ပိုးမွှားကင်းစင်ရေးသတ်မှတ်ချက်များဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ Im Rachna က ကမ္ဘောဒီးယားမှ သဘာဝအတိုင်း ဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများသည် တရုတ်စားသုံးသူများကြားတွင် ရေပန်းစားလာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းသို့ တင်ပို့ခွင့်ရရှိခြင်းသည် ကမ္ဘောဒီးယားငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်မှုအသစ်တစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားမှ သဘာဝအတိုင်း ဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို မကြာမီ တရုတ်နိုင်ငံသို့တင်ပို့ခြင်းဖြင့် ကမ္ဘောဒီးယား-တရုတ် ကုန်သွယ်မှုပမာဏကို မြှင့်တင်ပေးနိုင်ရုံသာမက ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းကိုပါ မြှင့်တင်ပေးရာရောက်မည်ဖြစ်သည်။ **ကေခိုင်ကျော်**

အမျိုးသားမြေဥပဒေရေးဆွဲပြဋ္ဌာန်းရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ် စည်းဝေး

နေပြည်တော် ဇွန် ၁၉

အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသည်။ (ပုံ)

အစည်းအဝေးတွင် ဥက္ကဋ္ဌ-၁ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့်လုပ်ငန်းကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ယင်းကော်မတီသည် နိုင်ငံသားများ၏ မြေနှင့်သက်ဆိုင်သော အကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ခိုင်မာလုံခြုံအောင်ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ၌ ဖော်ဆောင်နေကြသည့် မြေနှင့်ပတ်သက်သော စီမံခန့်ခွဲသည့်နည်းစနစ်များ (Land Administration Sysetm) နှင့် မှီငြမ်းအကောင်အထည်ဖော်နိုင်မည့်အချက်များကို လွှမ်းခြုံသုံးသပ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့အတူ ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန် (Legislative Drafting Guidance) တွင် ညွှန်ပြထားသော အချက်များနှင့် ညီညွတ်စွာ ရေးသားပြုစုမည်ဖြစ်ပြီး၊ ဥပဒေမူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ဆောင်နိုင်ရန် သတ်မှတ်ချက်များ အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးဆွဲခြင်းလုပ်ငန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး ထည့်သွင်းသုံးသပ်ရန် အချက်များ၊ မြေနှင့်စပ်ဆိုင်သော တည်ဆဲဥပဒေများ အားလုံးကို ခြုံငုံမိစေရန်နှင့် နိုင်ငံတစ်ဝန်း မြေအသုံးချနေမှုများကို ထိန်းကျောင်းနိုင်ရန် သက်ဆိုင်ရာ ဥပဒေများ၌ ထည့်သွင်းရေးဆွဲနိုင်ရေး စီစဉ်သွားမည် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမျိုးသားမြေအသုံးချမှုကောင်စီက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်-၁၁/၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည့် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ယနေ့ကျင်းပသော ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမျိုးသားဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့အောက်တွင် ဥပဒေရေးဆွဲရေး အဖွဲ့ငယ်သုံးဖွဲ့ ဖွဲ့စည်းမည့်အမိန့်မူကြမ်းနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားမြေဥပဒေမူကြမ်း၌ ပါဝင်သင့်သည့် အခန်း၊ ခေါင်းစဉ်များ (ပထမမူကြမ်း) အပေါ် အဖွဲ့ဝင်များက ပြန်လည်အကြံပြုပေးထားချက်များနှင့်စပ်လျဉ်း၍ စုစည်းစိစစ် ဆွေးနွေးခြင်း၊ လုပ်ငန်းစတင်မည့်အချိန်နှင့် လုပ်ငန်းစဉ်တစ်ခုလုံး အကောင်အထည်ဖော်မည့် အချိန်ကာလတို့ကို အတည်ပြု သတ်မှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

ရေမုံး - နိုင်ငံဖွံ့ဖြိုးတိုးတက် မှ

လျှင် စိုက်ပျိုးရေးဘာသာရပ် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးနှင့် မွေးမြူရေး ဘာသာရပ်ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး စုစုပေါင်း ၆၀ ဦး သင်ကြားခွင့်ပြုရန် သတ်မှတ်ထားကြောင်း သိရသည်။

စိုက်ပျိုးရေးဘာသာရပ်များအနေဖြင့် လယ်ယာသီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးနှင့် မြေဆီလွှာ သိပ္ပံဘာသာရပ်၊ စိုက်ပျိုးရေးရုက္ခဗေဒနှင့် လယ်ယာသုံး စက်ကိရိယာဘာသာရပ်၊ သီးနှံကာကွယ်ရေးအတွက် အပင်ရောဂါဗေဒနှင့် ကိမိလဗေဒဘာသာရပ်နှင့် လူမှုရေးသိပ္ပံဘာသာရပ်များကို စိုက်ပျိုးရေးဦးစီးဌာန ဆရာ၊ ဆရာမများက သင်ကြားပေးသွားမည် ဖြစ်သည်။

မွေးမြူရေးဘာသာရပ်တွင်လည်း သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် ကာကွယ်ရေးဘာသာရပ်၊ ရေသတ္တဝါမွေးမြူရေးနှင့်ပျားမွေးမြူရေးဘာသာရပ်၊ ဝက်မွေးမြူ ထုတ်လုပ်ရေးဘာသာရပ်၊ ကြက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်နှင့် စားမြုံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေးဘာသာရပ်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆရာ၊ ဆရာမများနှင့်ပညာရေးဝန်ကြီးဌာနက ဆရာ၊ ဆရာမများ ပူးပေါင်းကာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဘာသာရပ်များကို သင်ကြားရာတွင် ထိရောက်မှုရှိစေရေးအတွက် သက်ဆိုင်ရာကျောင်းများတွင် သင်ထောက်ကူများ ဖြည့်ဆည်းပေးထားပြီး စာတွေ့အပြင် လက်တွေ့များပါ တွဲဖက်သင်ကြားပေးသွားမည် ဖြစ်သည်။

ထို့ပြင် ပညာသင်နှစ်အလိုက် ကွင်းဆင်းလေ့လာမှုများလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ သင်တန်းကာလ သုံးနှစ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ကျွမ်းကျင်သူများ ပေါ်ထွက်လာမည် ဖြစ်ပေသည်။

စိုက်ပျိုးမွေးမြူရေးကျောင်းများတွင် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ဘာသာရပ်တက္ကသိုလ်များသို့လည်း ဆက်လက် တက်ရောက်နိုင်မည့် အခွင့်အလမ်းများပါ ရရှိနိုင်မည်ဖြစ်သောကြောင့် နိုင်ငံအတွက် ကျွမ်းကျင်လုပ်သားများသာမက စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များကို မွေးထုတ်ပေးနိုင်သော အခြေခံကျောင်းများ ဖြစ်လာပေမည်။

ထို့ကြောင့် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်၊ မျိုးဆက်သစ်များကို ယခုကဲ့သို့ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားလာကာ နိုင်ငံထီးပွားရေးကိုလည်း အထောက်အကူဖြစ်လာစေမည်ဖြစ်သည်။

ဇော်လင်းထွန်း

စိုက်ပျိုးရေး မိုးလေဝသ - ၅

CYCLONE "MOCHA"

ဘုန်းဖြတ်

ယခု အခါ ကမ္ဘာပေါ်တွင် သဘာဝအတိုင်း တည်ရှိနေသည့် အနေအထားများ မပျက်စီးရန် တောင်လည်းတောင် အလိုက်၊ တောလည်းတောအလိုက်၊ လျှိုမြောင် ချိုင့်ဝှမ်း၊ ချုံတောတွေရှိနေအောင် လိုလားနေကြပေမယ့် မဖြစ်သေးဘူး။ ပျက်စီးနေမှုသည် လျော့နည်းမသွားဘဲ တိုးလာနေသည်။ တောင်မြင့်တွေက ချိုင့်ဝှမ်းဖြစ်၊ မြစ်ကြောင်းတွေက သောင်သဲဖိုပြီး ရေတိမ်လာကြတော့ ခဏခဏ မြစ်ရေလွှမ်းမှု ကြုံနေကြရပြီ။

ယခုအခါ ကမ္ဘာ့ဒေသအနှံ့ မိုးလေဝသပြောင်းလဲမှု ဖြစ်စဉ်များ ယခင်ကထက် ခပ်များများကြုံတွေ့နေကြရပြီ ဖြစ်သည်။ ထို့ကြောင့် မိုးလေဝသကို ဂရုပြုပြီး၊ နေထိုင်၊ သွားလာလုပ်ငန်းဝင်နေကြရပြီ။ မိုးလေဝသ၏ လွှမ်းမိုးမှုများလာခြင်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် အခက်အခဲကြုံတွေ့လာချေပြီ။ ဤဖြစ်စဉ်များတွင် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် ပိုမိုသက်ရောက်နေပါပြီ။ စိုက်ပျိုးရေးလုပ်ငန်း၏ သဘောသဘာဝမှာ မိုးလေဝသ ရာသီဥတုအပေါ် မှီခိုနေရမှုက အခြားသော မှီခိုမှုအချက်များထက် ရာခိုင်နှုန်းပိုများပါသည်။ မိုးလေဝသ၊ ဥတုရာသီ ကောင်းပါမှ သီးနှံထွက်သည်။ ဥတုရာသီပြောင်းပါက လေမိုးဖျက်၍ သီးနှံပျက်သည်။ သီးနှံပင်များသည် မြေ၊ ရေ၊ စိုက်ပျိုးသီးနှံသဘာဝနှင့် ပတ်ဝန်းကျင်ဆိုသည့် စက်ဝိုင်းကြီးအတွင်းမှာ ရှင်သန်နေကြရသည်။ ယခုအခါ ၁၀ နှစ်လျှင် တစ်ကြိမ်၊ ငါးနှစ်လျှင် တစ်ကြိမ် ဖောက်ပြန်တတ်သော မိုးလေဝသအခြေအနေသည် ယခုအခါ ခပ်စိပ်စိပ်ဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်က မာလာမုန်တိုင်း၊ ၂၀၀၇ ခုနှစ်က Akash မုန်တိုင်းတို့ ဆက်တိုက်ဝင်ရောက်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြုံတွေ့လာရသောအခါ မိုးလေဝသကို အားလုံးက ပိုမိုအလေးထားလာကြရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အထိအနာဆုံး လပွတ္တာ၊ ဘိုကလေးဒေသများသို့ ကျွန်တော်တို့ကိုယ်တိုင် ချက်ခြင်းရောက်ရှိကြပြီး ထိခိုက်ပျက်စီးမှုများကို မျက်မြင်တွေ့ရှိခဲ့ရသည်။

နာဂစ်မုန်တိုင်းအပြီး နာဂစ်အလွန် ၁၅ နှစ်အကြာတွင် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) မိုခါ (MOCHA) ကို ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်တွင် ကြုံတွေ့ရသောအခါ ရခိုင်နယ်ကမ်းရိုးတန်း ဒေသ ထိခိုက်ပျက်စီးခဲ့ရပြီး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝ ဘေးအန္တရာယ် ကျရောက် သောဒေသများအဖြစ် ကြေညာခဲ့ရသည်။

စိုက်ပျိုးသူများသည် မြေကို ရွေးချယ်နိုင်ခွင့် ရှိသည်။ မျိုးကောင်းမျိုးသန့်ကို မိမိရေမြေဒေသနှင့်ကိုက်ညီအောင် ရွေးချယ်စိုက်ပျိုးနိုင်သည်။ နည်းပညာကို ဆည်းပူးလေ့လာ ရယူကျင့်သုံးနိုင်သည်။ သို့သော် ရွေးချယ်ခွင့် လုံးဝမရသည်မှာ ပတ်ဝန်းကျင်ရာသီဥတု ဖြစ်သည်။ ပတ်ဝန်းကျင်ရာသီဥတုကို ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများလည်း ရွေးချယ်၍မရ။ ရေကြီး၊ မိုးခေါင်၊ သစ်တောများ တောမီးလောင်ကြုံကြရသည်။ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသောနိုင်ငံများတွင်မူ ဖြစ်လာလျှင် ပို၍ ခံစားကြရသည်။ ရာသီဥတုဖြစ်စဉ် ပြောင်းလဲမှုကို ရှောင်ကွင်း၍မရ။ ကြိုတင်ပြင်ဆင်ရင်ဆိုင်ကြရသည်။

ရာသီဥတုသည် သီးနှံစိုက်ပျိုးရေးတွင် မည်သို့ အကျိုးဝင်သည်ကို သိပ္ပံနည်းကျ လေ့လာသောဘာသာရပ်ကို စိုက်ပျိုးရေး မိုးလေဝသဟု ခေါ်ကြပါသည်။ သီးနှံပင်နှင့် ရာသီဥတုဆက်စပ်တုံ့ပြန်မှုကို လေ့လာအသုံးချ၍ စိုက်ပျိုးသီးနှံအထွက်ကောင်းရန် စိုက်ပျိုးရေး မိုးလေဝသ ပညာရပ်သည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ကမ္ဘာ့နိုင်ငံများတွင် သိသိသာသာတိုးတက်လာခဲ့သည်။ သီးနှံစိုက်ပျိုးရေးတွင် ရာသီဥတုမှတ်တမ်းများအခြေခံ၍ အသုံးချကြရသည်။ သုတေသနလုပ်ငန်းများ ပူးတွဲပါရှိသည့် မိုးလေဝသဌာနနှင့် စိုက်ပျိုးရေးဌာနတို့ မဖြစ်မနေ ပူးပေါင်းဆက်သွယ်ဆောင်ရွက်ကြရသည့် လုပ်ငန်းဖြစ်သည်။

သီးနှံစိုက်ပျိုးရေးတွင် ရာသီဥတုအနေဖြင့် ပတ်သက်အကျိုးဝင်မှုကို မိုးလေဝသပညာရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်း၍ ဆောင်ရွက်ကြရသည်။ မိုးခေါင်မှု၊ ရေကြီးမှု၊ လေတိုက်မှု၊ ဆည်ရေသွင်းမှုတို့ကို သီးနှံစိုက်ပျိုးရေးနှင့် ဆက်စပ်လေ့လာပြီး မိုးလေဝသခန့်မှန်းချက်၊ လုပ်ကိုင်နေကြရမှုက ရာခိုင်နှုန်း ပိုများလာပါလိမ့်မည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာထဲတွင် မြန်မာနိုင်ငံတစ်ဝန်း၌ လေအေးလှိုင်းဒဏ်ခံကြရဖူးသည်။ ဆောင်းရာသီကာလ အိန္ဒိယနိုင်ငံမှ လေပွေလှိုင်းများ မြန်မာနိုင်ငံ မြောက်ပိုင်းသို့ ဝင်လာပြီး အေးလည်းအေးသည်။ မိုးလည်း ရွာသေးသည်။ ထိုနောက်ပိုင်းနှစ်များတွင် အအေးပေါ့၍ ပူသောရာသီဥတုများ ဖြစ်လာသည်။ ဂရုပြုလာကြရတော့မည့် စိုက်ပျိုးရေးမိုးလေဝသ ဖြစ်လာသည်။

ရာသီဥတုထိန်းညှိရေးကို ကမ္ဘာ့နိုင်ငံများသည် စုပေါင်းဖြေရှင်းနေကြသော်လည်း ပူပြင်းမှုက ပို၍ ပို၍ ကြုံတွေ့လာနေကြရသည်။ သဘာဝကို မဖျက်ဆီးကြပါနှင့်တော့။ သစ်ပင်သစ်တောများ အလွန်အကျွံမခုတ်လှဲကြပါနှင့်တော့။ သယံဇာတများကို အမြောက်အမြား မထုတ်ယူကြပါနှင့်တော့။ ရာသီဥတုသည် ပျက်စီးလာနေပြီ။ ဤတွင် လူတို့၏ စားဝတ်နေရေးအခြေခံ စိုက်ပျိုးရေးလုပ်ငန်းကြီး မပျက်စီးရအောင် စိုက်ပျိုးရေး မိုးလေဝသ ပညာရပ်ကို အလေးထားဆောင်ရွက်ကြသင့်ပါပြီ။ မြန်မာနိုင်ငံတွင် မကြာလှသေးသောကာလဟု ခေါ်လျှင်လည်း ရမည့် ၁၉၇၀ ဝန်းကျင်နှစ်များက စိုက်ပျိုးရေး မိုးလေဝသ ပညာရပ် အထူးပြုလေ့လာ ကျွမ်းကျင်ခဲ့သော ပညာရှင်များ၊ ပြည်ပမှ စိုက်ပျိုးရေး မိုးလေဝသပညာသင်ယူ လေ့လာခဲ့ကြသူများသည် စိုက်ပျိုးရေးဌာနနှင့် မိုးလေဝသဌာနတို့တွင် ရှိခဲ့ကြပါသည်။

ကွယ်လွန်သွားခဲ့ပြီဖြစ်သော မိုးလေဝသ ပညာရှင်ကြီး တစ်ဦးက ကျွန်တော်နှင့် တွေ့တိုင်း "ခင်ဗျားက စိုက်ပျိုးရေး၊ ကျုပ်က မိုးလေဝသ နှစ်ယောက်ပေါင်းပြီး စိုက်ပျိုးရေး မိုးလေဝသ လုပ်ကြရမှာနော်" ဟု တွေ့တိုင်း အမြဲပြောနေကျ အသံကို ယခုတိုင် ကြားယောင်နေမိဆဲ ဖြစ်ပါတော့သည်။

■

မြန်မာနိုင်ငံ ပထမဆုံး ထောပတ်သီးသန့်စင်ထုပ်ပိုးစက်ရုံ မကြာမီလည်ပတ်မည်

မြန်မာနိုင်ငံ၏ ပထမဆုံး ထောပတ်သီးသန့်စင်ထုပ်ပိုးသည့် စက်ရုံကို ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ်တွင် စတင်တည်ဆောက်ပြီး၍ မကြာမီ လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သိရသည်။

ယင်းစက်ရုံကို တောင်သူများ စုပေါင်းကာ တည်ဆောက်ထားခြင်းဖြစ်ပြီး ယခုနှစ်အတွင်း စတင်လည်ပတ်နိုင်မည် ဖြစ်သည်။

"စက်ရုံကို မနှစ်က တည်ဆောက်လို့ ပြီးပါတယ်။ အခု စက်ပစ္စည်းတွေ တပ်ဆင်ဖို့ပဲ ကျန်ပါတယ်။ စက်ရုံမှာ တပ်ဆင်မယ့် စက်ပစ္စည်းတွေလည်း ရောက်ရှိနေပါပြီ။ စက်ရုံကို လာမယ့် ထောပတ်သီးရာသီမှာ စတင်လည်ပတ်နိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု မြန်မာ နိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောသည်။

အဆိုပါစက်ရုံ စတင်လည်ပတ်နိုင်ပြီဆိုပါက အရည်အသွေးပြည့်မီသော မြန်မာ့ထောပတ်သီးများ ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကာ ဈေးကွက်မြင့်မားလာပြီး ဈေးနှုန်းလည်း ပိုကောင်းလာနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သိန်း ၈၀၀၀ နီးပါး ကုန်ကျခဲ့ပြီး၊ လည်ပတ်ချိန်တွင် တစ်ရက်လျှင် ထောပတ်သီး တန်ချိန် ၅၀ မှ ၁၀၀ ကြား ထုတ်လုပ်နိုင်မည်ဖြစ်သည်။

"ပြည်ပကို တင်ပို့တဲ့နေရာမှာ အခုလို သန့်စင်ထုပ်ပိုးတဲ့ စက်ရုံက မရှိမဖြစ် လိုအပ်ပါတယ်။ ဒါကြောင့် စက်ရုံကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အခု စက်ရုံက မြန်မာနိုင်ငံမှာ ပထမဆုံး တည်ဆောက်တဲ့စက်ရုံ ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်က ထောပတ်သီး စိုက်ပျိုးတဲ့ တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေသာမက တခြားထောပတ်စိုက်တောင်သူတွေကိုပါ ဝန်ဆောင်မှုပေးနိုင်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ဒါ့ပြင် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ်မှာလည်း ထောပတ်သီးသန့်စင်ထုပ်ပိုးစက်ရုံတစ်ခု ထပ်မံ တည်ဆောက်ဖို့ စီစဉ်နေပါတယ်"ဟု ၄င်းက ရှင်းပြသည်။

မြန်မာနိုင်ငံက ထောပတ်သီးများကို ထိုင်းနိုင်ငံသို့ နယ်စပ်ကနေ တရားမဝင်တင်ပို့မှုအချို့ရှိနေပြီး MoU စနစ်ဖြင့်လည်း မလေးရှားနိုင်ငံကို တရားဝင်တင်ပို့လျက်ရှိရာ ပြည်ပသို့ နှစ်စဉ်တစ်ရာသီလျှင် ထောပတ်သီးတန်ချိန် ၃၀၀၀ ခန့် တင်ပို့လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မြန်မာ့ ထောပတ်သီးကို ထိုင်းနှင့်တရုတ်နိုင်ငံတို့သို့ G to G စနစ်ဖြင့် တရားဝင် တင်ပို့ခွင့်ရရှိရေးအတွက် စီးပွားကူးသန်းဝန်ကြီးဌာနနှင့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် နယ်သာလန်၊ ပြင်သစ်နှင့် ဒုဘိုင်းနိုင်ငံတို့ကိုလည်း ထောပတ်သီးနမူနာများ စမ်းသပ်တင်ပို့နေပြီး၊ လာမည့်ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံကိုလည်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့ရန် စီစဉ်နေကြောင်း သိရသည်။

ပြည်တွင်း၌ ထောပတ်သီးကို ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ပြင်ဦးလွင်နှင့် မိုးကုတ်၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား အပါအဝင် ကရင်နှင့် ချင်းပြည်နယ်တို့တွင်လည်း အဓိက စိုက်ပျိုးကြသည်။ **ဇော်လင်းထွန်း**

တောင်သူလယ်သမားများ အားထားရန် နှစ်

ဝေဖြာ ခုနှစ် ဇွန် ၁ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့သော နိုင်ငံတော်ပိုင်၊ ဘဏ်ကြီးတစ်ခုဖြစ်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်တွင် ဂုဏ်ယူဖွယ်ရာ နှစ် ၇၀ ပြည့် ဘဏ်နှစ်ပတ်လည်နေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ပြီး မကြာမီ ၇၅ နှစ်ပြည့် စိန်ရတုသဘင်ပွဲဆင်နွှဲခွင့်ရတော့မည် ဖြစ်သည်။

အဆိုပါဘဏ်ကြီး၏ သမိုင်းကြောင်းကိုပြန်ပြောင်း လေ့လာကြည့်လျှင်၊ ၁၉၅၃ ခုနှစ် ဇွန် ၁ ရက်တွင် "နိုင်ငံတော် စိုက်ပျိုးရေးဘဏ်" (State Agriculture Bank) ဟု စတင် ဖွဲ့စည်းတည်ထောင်ခဲ့ရာမှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ် ၁၉၇၆ ခုနှစ်တွင် "မြန်မာ့စိုက်ပျိုးရေးဘဏ်" (Myanmar Agriculture Bank) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် ၁၉၉၀ ပြည့်နှစ်တွင် "မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ် (Myanma Agricultural and Rural Development Bank)

ထို့နောက် ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (Myanma Agricultural Development Bank) ဟူ၍ အမည်များအဆင့်ဆင့် ပြောင်းလဲလာခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်စတင်တည်ထောင်စဉ်က၊ အင်းစိန်၊ ဟသံတာ၊ ပဲခူးနှင့် မန္တလေးစသည့် ခရိုင်လေးခုဖြင့်သာ ငွေထုတ်ချေးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခေတ်ကာလအခြေအနေအရ မည်သို့ပင် အမည်အမျိုးမျိုးပြောင်းလဲသတ်မှတ်စေခဲ့ကာမူ နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနေသည့် ဘဏ်ကြီးတစ်ခုဖြစ်သည်။

တောင်သူလယ်သမားများ အတွက် လိုအပ်သော စိုက်ပျိုးစရိတ် အရင်းအနှီးများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် ကျေးလက်ဒေသလူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောချေးငွေများကို အချိန်မှန်ထုတ်ချေး ပံ့ပိုးပေးနေသော နိုင်ငံပိုင်ဘဏ်ကြီးလည်းဖြစ်သည်။

နှစ်စဉ် မိုး၊ ဆောင်း၊ မိုးကြိုစသည့် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်မီထုတ်ချေးပေးရာတွင်လည်း မူလကသီးနှံအလိုက် တစ်ဧက သတ်မှတ်ချက် ချေးငွေများကို ပြောင်းလဲလာသည့် အချိန်အခါအလိုက် အခါအားလျော်စွာတိုးမြှင့်ထုတ်ချေးပေးလာနိုင်ခဲ့သည်။

ထို့ပြင် ပြည်တွင်းစားသုံးသီးနှံများနှင့် ပြည်ပပို့ကုန်အတွက် အရေးပါသည့် သီးနှံများကိုလည်း ချေးငွေများ တိုးချဲ့ထုတ်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်၏ ခွင့်ပြုနိုင်သည့် ဘဏ္ဍာငွေထဲက ထုတ်ချေးပေးရုံသာမက၊ ယခုအခါတွင် လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်အရ ဂျပန်နိုင်ငံထံမှတရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ၊ JICA ODA Loan for Agricultural and Rural Development Two Step Loan အစီအစဉ်အရ **"စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နှစ်ဆင့်ချေးငွေစီမံကိန်း"** ကို ၂၀၁၇ ခုနှစ် ဇူလိုင်ကစ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ နိုင်ငံတစ်ဝန်းရှိ ၁၈၇ မြို့နယ်က တောင်သူ ၅၆၅၈ ဦးကို ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေစက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ကောက်စိုက်စက်၊ အခြောက်ခံစက်များ ဝယ်ယူရန် ချေးငွေ ၂၃၅ ဘီလီယံကျော် ထုတ်ချေးပေးခဲ့ပြီး၊ ဆက်လက်၍ လည်း ထုတ်ချေးပေးလျက်ရှိသည်။

ယင်းအစီအစဉ်ကြောင့် လက်ရှိအရှိန်အဟုန်မြင့် ဆောင်ရွက်နေသည့် နိုင်ငံတော်တစ်ဝန်း၊ စက်မှုလယ်ယာသို့ ပြောင်းလဲရေးလုပ်ငန်းစဉ်များကို များစွာအထောက်အကူ ပြုနိုင်ခဲ့ပေသည်။

တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ ငွေစုဆောင်းမှုအလေ့အကျင့်ကောင်းများ ရရှိရေးကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိရာ၊ ယခုအခါ ဘဏ်နှင့်ဆက်သွယ်၍ ငွေစုစာရင်းဖွင့်လှစ်ထားသည့် တောင်သူဦးရေ သုံးသန်းကျော်ရှိနေပြီဖြစ်ကာ၊ အပ်ငွေပမာဏမှာ ကျပ် ၁၃၃ ဘီလီယံကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်နှင့် တောင်သူနှစ်ဦးနှစ်ဝ အကျိုးရှိစေပြီး၊ မိမိကဲ့သို့ချေးငွေလိုအပ်မည့် အခြား တောင်သူများကိုလည်း အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

နိုင်ငံတော်၏ဘဏ္ဍာငွေများ၊ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်းများ ဆောင်

ပြည်တွင်းစားသုံးဆီဖူလုံရေး မြေပဲ

မြန်မာ နိုင်ငံတွင် မြေပဲသီးနှံသည် စားသုံးဆီဖူလုံရေးအတွက် အရေးကြီးသော သီးနှံတစ်ခုဖြစ်သည်။ ပြည်သူတို့အတွက် စားသုံးဆီရရှိသည်အပြင် မွေးမြူရေးတိရိစ္ဆာန်များအတွက် ဆီကြိတ်ပဲဖတ်များနှင့် မြေပဲရိုးတို့သည် တန်ဖိုးရှိသော အစာများဖြစ်သည်။ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများအတွက်လည်း မြေပဲဆီကြိတ်ဖတ်များကို အသုံးပြုကြသည်။ မြေပဲရိုးသည် နွားစာအတွက် အလွန်ကောင်းသည်။



သို့ပါ၍ မြေပဲသီးနှံတစ်ဧက အထွက်နှုန်းကောင်းရန် ဆောင်ရွက်ခြင်းဖြင့်၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးကို အထောက်အကူပြုနိုင်သည့်အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း များစွာအထောက်အပံ့ ဖြစ်စေသည်။

မြေပဲသီးနှံသည် နိုင်ငံတော်အတွက် အရေးကြီးသီးနှံတစ်ခုဖြစ်၍ ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၅၀ ထွက်ရှိစေရန် ယခင်ကတည်းက ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ယခုအခါ မြေပဲသီးနှံအနေဖြင့် ၂၀၂၂-၂၀၂၃ ကိန်းဂဏန်းများအရ ပန်းတိုင်အထွက်နှုန်း ပြည့်မီနေပြီ ဖြစ်သည်။

တစ်နိုင်ငံလုံး ပင်ထောင်မြေပဲ၊ ပင်ပြန့်မြေပဲ နှစ်မျိုးနှင့် မိုးပဲ၊ ဆောင်းပဲ တစ်နှစ်ပတ်လုံးအတွက် ၃၀၀၃၅၃၃ ဧက စိုက်ခဲ့ပြီး ၃၀၀၃၅၃၁ ဧက ရိတ်သိမ်းခဲ့ကာ တစ်ဧကအထွက်နှုန်း ၅၂ ဒသမ ၃၄ တင်းနှုန်း ထွက်ရှိခဲ့သဖြင့် အထွက်စုစုပေါင်း ၁၅၇၁၉၃၄၅၀ တင်း ထွက်ရှိခဲ့သည်။

၂၀၂၂-၂၃ ကိန်းဂဏန်းများအရ မိုးစိုက်မြေပဲတွင် တစ်ဧက ၄၅ ဒသမ ၆၁ တင်းနှုန်း ထွက်ရှိခဲ့ပြီး ဆောင်းမြေပဲတွင် ၆၁ ဒသမ ၇၇ တင်းနှုန်း ထွက်ရှိခဲ့သည်။ တစ်နှစ်ပတ်လုံး မိုး၊ ဆောင်း မြေပဲ၏ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၅၂ ဒသမ ၃၄ တင်းနှုန်း ထွက်ရှိသည်။

ဆောင်းမြေပဲ အထွက်နှုန်းများပြီး မိုးတွင်း အထွက်နှုန်းနည်းရခြင်းမှာ မိုးရွာသွန်းမှု ရာသီဥတုအရ လည်းကောင်း၊ မိုးတွင်းအချိန်တွင် ပိုးမွှားရောဂါအကျများခြင်းကြောင့် လည်းကောင်း၊ ပန်းတိုင်အထွက်နှုန်း မမီရခြင်း ဖြစ်သည်။ အခြားအကြောင်းတစ်ချက်မှာ မိုးမြေပဲကို မိုးခေါင်ရေရှား မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးမှုများပြီး မိုးမမှန်သောကြောင့် ဖြစ်သည်။ ထို့ပြင် မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မြေဆီဩဇာ မကောင်းသည့်ယာမြေတို့၌ စိုက်ပျိုးရသဖြင့် အထွက်နှုန်းနည်းခြင်းဟု သုံးသပ်ရရှိပါသည်။ ဆောင်းမြေပဲကိုမူ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ဧရာဝတီ၊ ချင်းတွင်းနှင့် အခြားမြစ်ကမ်းဘေး နုန်းပို့မြေကောင်းများတွင် စိုက်ပျိုးကြပြီး၊ အထွက်နှုန်း ပိုကောင်းသည့် ပင်ထောင်မြေပဲကိုလည်း စိုက်ကြသည်။

ဤလက်တွေ့သုံးသပ်ချက်အရ မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရန် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ကြရမည် ဖြစ်သည်။

စာရေးသူအနေနှင့် ၁၉၈၈ ခုနှစ် မှ ၂၀၀၆ ခုနှစ်အထိ မိုးစိုက်ဒေသများဖြစ်သည့် ညောင်ဦး၊ ကျောက်ပန်းတောင်း မြို့နယ်များရှိ ပင်ပြန့်မြေပဲ၊ ပင်ထောင်မြေပဲ စိုက်ခင်းများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရပါသည်။ စာရေးသူ ၏ လက်တွေ့အတွေ့အကြုံအရ မိုးအားကိုးစိုက်ပြီး ပင်ပြန့်မြေပဲများတွင် မြေညှံ့ပါက တစ်ဧက ၂၅ တင်းခန့်သာ ထွက်ရှိသည်ကို တွေ့ကြုံခဲ့ရပြီး ညောင်ဦး မြို့နယ် ဧရာဝတီမြစ်နုန်းပို့မြေများတွင် ပင်ထောင်မြေပဲ စိုက်ခင်းများက တစ်ဧက တင်း ၈၀ အထိ ထွက်ရှိသည်ကိုလည်း လက်တွေ့ သိရှိခဲ့ရသည်။

သို့ပါ၍ စာရေးသူအနေဖြင့် မိမိ လက်တွေ့အတွေ့အကြုံကို အခြေခံကာ မြေပဲ တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၅၀ ကျော်လွန် ထွက်ရှိမည့် မြေပဲ စိုက်ပျိုး နည်းစနစ်များကို ဆက်လက်ဆွေးနွေးတင်ပြ သွားပါမည်။

စိုက်ပျိုးရေး၏ အခြေခံဆောင်ပုဒ် မြေမှန်၊

၇၀ ပြည့် မြန်မာ့လယ်ယာမဲ့ဖြိုးရေးဘဏ်

ဖြတ်စိုး (ရှိုင်း)

ရွက်ရာ၌ ရုံးချုပ်မှမြို့နယ်ဘဏ်ခွဲများ အထိ အဆင့်ဆင့်သော ချေးငွေအကြံပေး အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

ကြွေးဟောင်းကျေမှု ချေးငွေသစ် ထုတ်ချေးခြင်း၊ ကြွေးကျန်ပေးဆပ်ခြင်း မရှိသော တောင်သူများအား စည်းရုံး ကောက်ခံဆောင်ရွက်ခြင်းနှင့် ချေးငွေ သစ်များ တိုးတက်ထုတ်ချေးနိုင်ရေး ဆောင်ရွက်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ဘဏ်ကြီး၏ရုံးချုပ်ကို ရန်ကုန်မြို့တွင် အခြေစိုက်ထားပြီး ယခုအခါ ပြည်နယ်နှင့်တိုင်း ဒေသကြီးဘဏ်ခွဲ ၁၅ ခု၊ ခရိုင်ဘဏ်ခွဲ ၅၇ ခု၊ မြို့နယ်ဘဏ်ခွဲ ၁၅၁ ခု အပါအဝင် ဘဏ်ခွဲ စုစုပေါင်း ၂၂၃ ခု ဖွင့်လှစ်ကာ အရာထမ်း၊ အမှုထမ်းအင်အား ၂၄၀၀ ကျော်ဖြင့် နေ့စဉ်လည်ပတ် ဆောင်ရွက်လျက်ရှိပြီး နှစ် ၇၀ ပြည့်အတွင်း ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးများ ၁၈ ဆက် အထိ ပြောင်းလဲဖြတ်သန်းနိုင်ခဲ့ပြီ ဖြစ်၏။

ထိုနေ့က နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ကြွရောက်ချီးမြှင့်သော၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း(ဝဲပုံ)က "နှစ် ၇၀ ပြည့် ဘဏ်ကြီးအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမား ၁၅၆၀၀ ကျော်၏ စပါးစိုက်ဧက တစ်သိန်းတစ်သောင်း ကျော်အတွက် ချေးငွေ ကျပ် ၁၇ ဘီလီယံကျော် ထုတ်ချေးပေးထားပြီး ၂၀၂၂ ခုနှစ် ဆောင်းချေးငွေတွင် ထောင်သူ ၇၀၀၀ ကျော်၏ စပါးနှင့် ပဲမျိုးစုံ စိုက်ဧက ၀၊်းသောင်းခန့် အတွက် ချေးငွေကျပ် ခြောက် ဘီလီယံခန့်တို့ပြင် စိုက်ပျိုးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး နှစ်ဆင့် ချေးငွေ အစီအစဉ်ဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ တောင်သူ ၄၅၀၇ ဦးအတွက် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရန် ချေးငွေ ကျပ် ၂၀ ဘီလီယံကျော် ထုတ်ချေး ထား၍ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး ဘဏ်ခွဲ၏ ချေးငွေရရှိငွေနှင့် ကြွေးကျန်ငွေ၊ တင်ပြချက်များကို အမြဲလေ့လာသုံးသပ်ကာ လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးကြရန် ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များကို ညွှန်ကြား ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဆွေးနွေးပြောကြားသွားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်ဧည့်သည်တော်များ ဘဏ်နှစ် ၇၀ ပြည့်မှတ်တမ်းများကို ကြည့်ရှုကြစဉ်။

အလားတူပင် ကျန်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရအဖွဲ့များကလည်း ဘဏ်ကြီးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးကြ၍ အဆိုပါနှစ် ၇၀ ပြည့် အခမ်းအနားတွင် နိုင်ငံတစ်ဝန်း ဘဏ်ခွဲအသီးသီးက တာဝန်ကျေ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ် (ဝဲအောက်ပုံ) ကိုပါထည့်သွင်းကျင်းပခဲ့သည်ကို တွေ့ရှိရသည်။

စာရေးသူသည် ငယ်စဉ်က တောရွာမှာ ကြီးပြင်းခဲ့ရသည်။ ယနေ့ "စိုက်ပျိုးစရိတ်ချေးငွေ" ဟု ခေါ်သည့် ချေးငွေကို ယခင်ကာလ တစ်ခုက "အမတော်ကြေး" ဟု ခေါ်ခဲ့ကြသည်။

အဆိုပါချေးငွေသည် စိုက်ခင်းနှိုးပျိုးချိန်ရောက်လျှင် အရင်းအနှီးမရှိသည့် တောင်သူလယ်သမားများ အနေဖြင့် အမြတ်ကြီးစား ငွေချေးသူများထံတွင် ငွေတိုးများစွာပေးရ၍ ကုပ်သွေးစုပ်မခံရစေရန် နိုင်ငံတော်က သင့်တင့်သော အတိုးနှုန်း အနည်းငယ်မျှဖြင့် နှစ်ဦးနှစ်ဝ (အစိုးရနှင့် တောင်သူ) အကျိုးရှိ အဆင်ပြေစေရန် စီမံပေးထားခြင်းဖြစ်သည်။

သို့သော် အတွေးအခေါ်မဲ့သည့် အချို့သော တောင်သူများသည် ချေးငွေရရှိရန်တွင် လယ်ယာလုပ်ငန်းခွင်အတွက် အရင်းအနှီး ပြုရမည့် အစား၊ မိသားစုအတွက် မလိုအပ်သည့် အပိုအသုံးအစွဲများကြောင့် ကြွေးသံသရာလည်းကာ နှိမ်ထဲကမရုန်းနိုင်ဘဲရှိနေကြသည်ကို တွေ့ရသည်။

စာရေးသူ မူလတန်းကျောင်းသားအရွယ်က "အမတော်ကြေး မကျေ၍" သက်ဆိုင်ရာက ဥပဒေနှင့်အညီ ဖမ်းဆီးခေါ်ဆောင်ခံရသည့်ရွာက တောင်သူလယ်သမားကြီးအချို့၏ပုံရိပ်များကို ယခုအခါ ပြန်လည်မြင်ယောင်နေမိသေးသည်။

ယခုအခါမှာတော့ ခေတ်စနစ်တွေ ပြောင်းလဲလာမှုနှင့်အညီ နှစ် ၇၀ ပြည့် မြန်မာ့လယ်ယာဘဏ်ကြီး၏ ချေးငွေ၊ စုငွေ လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် အောင်မြင်မှုရနေပြီဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ နှစ် ၇၀ တိုင် အောင် တောင်သူအကျိုးပြုလုပ်ငန်းများဖြင့် အောင်မြင်စွာ ဖြတ်သန်းလာခဲ့သော၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကြီးသည် **နှစ် ၇၀ မှ သည် "စိန်ရတုသဘင်"**၊ **"ရာပြည့် သဘင်"** များဆီသို့ ဆက်လက်ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းဖြင့် ---။ ■

ပဲနှံ အထွက်နှုန်းကောင်းရန်

လှဆန်း (စိုက်ပျိုးရေး)



မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန် အောင် စိုက်အဆိုအရ ပန်းတိုင်အထွက်နှုန်း ထွက်ဖို့ သေချာရရှိအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်သည်။

မြေပဲစိုက်ပျိုးသင့်သော မြေအမျိုးအစားမှာ နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေ၊ ကိုင်းကျွန်းမြေတို့ဖြစ်သည်။ မြေအချဉ် အင်နမ်ဓာတ် ၅ ဒသမ ၅ မှ ၇ အတွင်း စိုက်ပါ။ pH ၆ မှ ၆ ဒသမ ၅ အတွင်း ရှိသော မြေမှုများကို ကြိုက်နှစ်သက်သည်။ pH ၅ ဒသမ ၅အောက်ရှိ မြေများတွင် လုံးဝ မစိုက်သင့်ပါ။ မြေသုံ့၊ မြေချဉ် မြေငန်များတွင် မစိုက်သင့်ပါ။

အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပါ။ မြေပဲမျိုးကောင်း မျိုးသန့်များမှာ ပင်ထောင်မြေပဲမျိုး၊ ဆင်းပဒေသာ ၅၊ ဆင်းပဒေသာ ၇၊ မကွေး ၁၀၊ မကွေး ၁၁၊ သိပ္ပံ ၁၂ တို့ ဖြစ်သည်။ အဆိုပါမျိုးများသည် တစ်ဧကအထွက်ကောင်းသည့်အပြင် ဆီထွက်ရာခိုင်နှုန်းလည်း ကောင်းသည်။ ဤမျိုးများတွင် ဆင်းပဒေသာ ၅ သည် အထွေထွေရောဂါခံနိုင်ပါသည်။ မကွေး ၁၁ မျိုးမှာ မြေပဲဆန်အထွက်နှုန်း ကောင်းပါသည်။ ဆင်းပဒေသာ ၇ မှာ သက်လျင် အထွက်ကောင်းမျိုး ဖြစ်သည်။ သိပ္ပံ ၁၂ မျိုးမှာ ဒေသမရွေး စိုက်နိုင်ပါသည်။ ပင်ပြန့်မြေပဲမျိုးကောင်းတို့မှာ ကျောင်းကုန်းမြို့နှင့် မကွေးပင်ပြန့် ၁ မျိုးတို့ဖြစ်ပါသည်။ ပင်ပြန့်မြေပဲများသည် မိုးခေါင်ရေငတ်ဒဏ်ခံနိုင်ပြီး၊ အစေ့ငုတ်ချိန် တစ်လဖြစ်ပါသည်။ ထို့ကြောင့် မိုးစိုက်မြေပဲကို မိုးခေါင် ရေရှားဒေသများတွင် ပင်ပြန့်မြေပဲမျိုးများကို စိုက်ပျိုးသင့်ပြီး ဆောင်းစိုက်ချိန်တွင် ပင်ထောင်မြေပဲမျိုးများကို ရွေးချယ်စိုက်သင့်ပါသည်။ အရည်အသွေးကောင်းမွန်ရန် အပင်ပေါက် ရာနှုန်း ၈၀ အထက်ရှိသော မျိုးများကို ရွေးချယ်စိုက်သင့်ပါသည်။ မျိုးအလိုက် အစေ့ကြီးလွန်း၊ သေးလွန်းသော မျိုးစေ့များကို အသုံးမပြုသင့်ပါ။ မြေပဲမျိုးများကို မစိုက်မီ တစ်ပတ်အလိုမှ အစေ့ထုတ်စိုက်သင့်ပါသည်။ မိုးခေါင်ဒဏ်ခံရသည့် စိုက်ကွက်မှ မျိုးစေ့များကို အသုံးမပြုသင့်ပေ။

မြေပဲကို ရာသီမှန်အောင် မီအောင် စိုက်ရပါမည်။

မိုးမြေပဲကို ပထမစိုက် မိုးရေရလျှင် ရချင်း စိုက်ပျိုးပါ။ ဇွန်လကုန် အပြီးစိုက်သင့်ပါသည်။ သွင်းရေရရှိပါက ဧပြီလဆန်းတွင် စိုက်ပါ။

မိုးမကျ ဆောင်းမကျ စကမြေပဲကို သြဂုတ် ၁၅ ရက်ထက် နောက်မကျဘဲ အပြီးစိုက်ပါ။ ဆောင်းမြေပဲကို စက်တင်ဘာလလယ်မှစ၍ စောနိုင်သမျှ စောစွာ စိုက်ပျိုးပြီး နိုဝင်ဘာ ၁၅ ရက်ထက် နောက်မကျဘဲ စိုက်သင့်ပါသည်။

စိုက်စနစ်မှန်ကန်စေရေးအတွက် တစ်ဧက အပင်ရေ သတ်မှတ်ဦးရေ ပြည့်မီစေရန် အပင်ရေ တစ်သိန်းဝင်အောင် စိုက်ရပါမည်။ ပင်ထောင်မြေပဲကို တန်းကြား၊ ပင်ကြား ၁၅ လက်မ × ၄ လက်မစိုက်ပါ။ ပင်ပြန့်မြေပဲကို တန်းကြား၊ ပင်ကြား ၁၈ လက်မ × ၆ လက်မထား စိုက်ရမည်။ စိုက်ကြောင်း အတိမ်အနက် ၁ ဒသမ ၅ မှ ၂ လက်မအတွင်း အစိုဓာတ်မီအောင် စိုက်ရပါမည်။ ဆောင်းမြေပဲ စိုက်ရာတွင် (Residuel moisture) လက်ကျန် အစိုဓာတ်နှင့် စိုက်ပျိုးရာတွင် မြေပဲမျိုးစေ့နှင့် မြေမှုန့်ထိတွေ့မှုများစေရန် ကြမ်းတုံးဖြင့် စနစ်တကျ မြေသားဖုံးအုပ်ပေးရပါမည်။ အထက်ပိုင်း မြေပဲစွယ်များ အတောင့်ဖြစ်စေရန် ရည်ရွယ်၍ ပေါင်တင်ခြင်းမပြုလုပ်သင့်ပါ။ ထိုသို့ ပြုလုပ်ပါက အပင်ဒဏ်ရာရ၍ ရောဂါဝင်ပြီး အပင်အသေအပျောက် များနိုင်သည်။

ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရန် အတွက် မြေကောင်းတွင် စိုက်ရန်လိုသကဲ့သို့ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများကို စနစ်တကျ ကျွေးရပါမည်။ ပဲမြစ်ဖုမြေသြဇာနှင့် ဇီဝဓာတုပါမြေသြဇာများကို မျိုးစေ့နှင့် တစ်ဧက တစ်ထုပ်နှုန်း လူးနယ်စိုက်ပါ။ နွားချေး (သို့မဟုတ်) သဘာဝမြေသြဇာ

စာ - ၁၈ သို့

ဇရစ် ပင်၏ အင်္ဂလိပ်အမည်မှာ Lasia tree ဖြစ်ပြီး Geli-geli, Bekil, Spiny Lasia, Lasia, Pimply lasia, kohila plant and Unicorn plant ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Lasia spinosa (L.) Thwaites ဖြစ်ကာ မျိုးရင်း Araceae တွင် ပါဝင်၏။

ဇရစ်ပင်သည် သဘာဝအလျောက်အလေ့ကျပေါက်သည့်အပင်မျိုးဖြစ်ပြီး တရုတ်နှင့် ထိုင်ဝမ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါလ်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ပါပူးဝါအနယူးဂီနီနိုင်ငံတို့တွင် ပျံ့နှံ့ပေါက်ရောက်၏။

ဇရစ်ပင်သည် အစိုဓာတ်များပြီး ရွှံ့ဆွံ့ထူထပ်သော စိမ့်စမ်းရေအိုင်၊ ရေကန်ငယ်တို့၏ နံဘေးတို့ကို ကြိုက်နှစ်သက်၏။ ဇရစ်ပင်ကို ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်စားသုံးကြသည့်အပြင် ဆေးဖက်ဝင်သော ပရဆေးပင်အဖြစ် အသုံးပြုသော အပင်မျိုးဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ရိုးရာတိုင်းရင်းဆေးပညာအရ၊ ဆေးဖက်ဝင်အပင်ကျမ်းအရ၊ အာယုဗေဒဆေးပညာရပ်များအရ ဇရစ်ပင်သည် လူ့ယဉ်ကျေးမှုအဖွဲ့ အစည်း၏ ကမ္ဘာ့နိုင်ငံအနှံ့တွင် ရောဂါအမျိုးမျိုး ကုသရန်အတွက် အရေးပါသော၊ ဂုဏ်သတင်း ကြီးမားသည့် အပင်မျိုးဖြစ်၏။

ဇရစ်ပင်သည် ရိုးတံတွင် ဆူးများရှိသော၊ လက်ခြားပုံသဏ္ဌာန်အရွက်များထွက်ရှိသည့် အပင်ငယ်မျိုးဖြစ်ပြီး နှစ်ရှည်ပင်အမျိုးအစားဖြစ်၏။ မိုးလေးတစ်ပြိုက်နှစ်ပြိုက် ကျပြီဆိုသည်နှင့် မြေကြီးအောက်တွင် ရှိနေသည့် ဥမြစ် Rhizome တို့ နီးထလန်းဆန်းလာပြီး ဇရစ်ရိုးနှင့်ရွက်နုဖူးလေးများ အစီအရီ ထွက်ရှိလာကြ၏။ ဇရစ်ပန်းခိုင်မှာ အညိုရောင် သို့မဟုတ် ခရမ်းရောင်ရှိပြီး ပိန်းပန်းကဲ့သို့ ဆင်တူကာ အလျားပေ ၈ စင်တီမီတာခန့်ထိ ရှည်လျား၏။ ပန်းခိုင်ရင့်လာသည့်အခါ အသီးအဖြစ် ပြောင်းလဲသွား၏။

မြန်မာနိုင်ငံတွင် ဇရစ်ရိုးနှင့် အရွက်နုတို့ကို ရာသီပေါ် ဟင်းသီးဟင်းရွက်အဖြစ် အဓိကထားစားသုံးကြ၏။ ဇရစ်ရိုးနှင့် ရွက်နုတို့သည် ချိုပြီး အနည်းငယ်သက်သောအရသာရှိ၏။ စားသုံးနိုင်သည့် ဇရစ်ရိုးနှနှင့် အရွက်နုလေးများ ၁၀၀ ဂရမ်တွင် ပါဝင်သည့် အာဟာရဓာတ်များမှာ အစာစွမ်းအင် ၁၈ ကီလိုကယ်လိုရီ၊ ပရိုတင်း၊ ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ပြာဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်ဘီသရီး၊ ဗီတာမင်စီ၊ ကယ်လ်စီယမ်နှင့် ဖော့စ်ဖရပ်စ်တို့ ကြွယ်ဝစွာ ပါဝင်၏။

တိုင်းရင်းဆေးပညာရပ်အရ ဇရစ်ပင်၏ အစိတ်အပိုင်းများဖြစ်သည့် အရွက်၊ ရိုးတံ၊ အစေ့၊ အခေါက်၊ အမြစ်နှင့် ဥမြစ်တို့ကို ဆေးဖက်ဝင်အဖြစ် တန်ဖိုးထားကာ ဆေးဝါးဖော်စပ်အသုံးပြုကြ၏။ ကမ္ဘာ့နိုင်ငံအချို့တွင် ဇရစ်ပင်၏

အစိတ်အပိုင်းများကို ဆေးဖက်ဝင်အဖြစ် အသုံးပြုမှုများကို ဗဟုသုတအဖြစ် မျှဝေလိုပါ၏။

- သီရိလင်္ကာနှင့် မလေးရှားနိုင်ငံတို့တွင် ဇရစ်ရွက်နှင့် အမြစ်တို့ကို လိပ်ခေါင်းရောဂါကုသဆေးအဖြစ် အသုံးပြုကြ၏။
- ဇရစ်ရွက်နှင့် ဥမြစ်တို့ကို သလိပ်ကိုပျော်ရန်အတွက် အသုံးပြုကြ၏။
- မွေးကင်းစကလေးငယ်များကို ဇရစ်မြစ်ပြုတ်ရည်ဖြင့် ရေချိုးသန့်စင်ပေးကြ၏။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇရစ်ပင်ကို အစာအိမ်နာခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်း၊ ဒူလာပါဒရက်ဖြစ်ခြင်းနှင့် အာသီးရောင်ခြင်းတို့အတွက်လည်း ဆေးအဖြစ်အသုံးပြု၏။ ဇရစ်ပန်းခိုင်ကို လည်ချောင်းနာခြင်း ဝေဒနာသက်သာစေရန် ဆေးအဖြစ် ဖော်စပ်အသုံးပြုကြ၏
- အိန္ဒိယနိုင်ငံတွင် ဇရစ်ပင်၏ အစိတ်အပိုင်းတို့ကို အဆစ်အမြစ်ရောင်နာဖြစ်ခြင်း၊ အဆုတ်ရောင်နာဖြစ်ခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ လိပ်ခေါင်း၊ မြင်းသရက်ဖြစ်ခြင်း၊ အူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ခြင်း၊ အစာအိမ်ရောင်

နာဖြစ်ခြင်းနှင့် သားအိမ်ကင်ဆာဖြစ်ခြင်းတို့အတွက်လည်း ဆေးဝါးဖော်စပ် အသုံးပြုကြ၏။

- အမြစ်ပြုတ်ရည်ကို အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်ရောင်နာရောဂါနှင့် အသည်း၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေအောင် လှုံ့ဆော်ခြင်းတို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။
- အပူလောင်နာဖြစ်ပါက ဇရစ်ရွက်နုလေးများကို အနှစ်ဖြစ်အောင်ကြိတ်ပြီး အုံ့ပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။
- အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ဇရစ်ပင်သည် အူအတွင်းရှိ မလိုလားအပ်သည့် အဆိပ်အတောက်များကို လျော့ကျစေပြီး အူ၏လုပ်ငန်းဆောင်တာများကို ပုံမှန်ဖြစ်စေခြင်း၊ အသည်းကျန်းမာရေးအတွက်လည်း အထောက်အပံ့ကောင်းကို ပြုပေးစေနိုင်စွမ်းရှိ၏။
- ဇရစ်ဥမြစ်သည် အစာခြေစနစ်ကို အားကောင်းစေရန် အထောက်အပံ့ကောင်းဖြစ်စေပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းမှ ကာကွယ်ပေးကာ သွေးထွက်လွန်ခြင်းကိုလည်း လျော့နည်းစေ၏။
- ဇရစ်ရိုးနှင့်ရွက်နုတို့သည် အစာစားလိုစိတ်ကို ဖြစ်စေခြင်း၊ ဆီးသွားသည့်ပမာဏကို လျော့ကျစေခြင်း၊ သန်ကောင်၊ တုပ်ကောင်များကို ကျစေခြင်းတို့ကို ပေးစွမ်းနိုင်၏။
- သီရိလင်္ကာနိုင်ငံတွင် အနက်ရောင်ဇရစ်ပင်ကို ဓာတုအဆိပ်သင့်ခြင်းနှင့် ကိုယ်လက်ရောင်ရမ်းနာဖြစ်ခြင်းတို့ကုသရန်အတွက် အသုံးပြုကြ၏။
- ဗီယက်နမ်နိုင်ငံတွင် ဇရစ်ပင်ကို ကိုယ်လက်ရောင်ရမ်းနာသက်သာစေရန်နှင့် အဆစ်အမြစ်ရောင်နာသက်သာစေရန် ဆေးအဖြစ် အသုံးပြုကြ၏။
- တရုတ်နိုင်ငံတွင် ဇရစ်ဥမြစ်ကို အသည်းရောင်အသားဝါရောဂါဖြစ်စေသည့် လင့်ဖ်ဖုများ၊ ရောင်ရမ်းနာကျင်နေသော လင့်ဖ်ဖုများကို ကုသရာတွင်လည်းကောင်း၊ အစာအိမ်ရောင်နာရောဂါအတွက်လည်းကောင်း၊ ခြွေနှင့်အဆိပ်ရှိသတ္တဝါများ ကိုက်ခံရခြင်းအတွက် အဆိပ်ဖြေဆေးအဖြစ်လည်းကောင်း၊ ထိခိုက်ရှနာများနှင့် အဆစ်အမြစ်ရောင်နာဝေဒနာတို့အတွက် ဆေးဝါးအဖြစ် အသုံးပြုကြ၏။
- ဇရစ်ပင်၏အခေါက်၊ အမြစ်၊ အစေ့နှင့် အစေးတို့ကို အရေပြားရောဂါများနှင့် တုပ်ကောင်သန်ကောင်များကျစေရန် အသုံးပြုကြ၏။
- ဇရစ်ပင်သည် ကျောက်ကပ်နှင့်နှလုံးတို့၏ လုပ်ငန်း

စာ - ၁၈ သို့

၂၀၂၄ ခုနှစ်တွင် ပြောင်း မက်ထရစ်တန် ၆၉၅၀၀၀ ကျော် ရရှိရေး လာအိုကြိုးပမ်း

လာအိုနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ လာမည့် ၂၀၂၆ ခုနှစ်တွင် ပြောင်းစေ့တန်ချိန် မက်ထရစ်တန် ၆၉၅၀၀၀ ကျော် ထွက်ရှိနိုင်ရေး မျှော်မှန်းထားကြောင်း လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းအချက်များ၌ ဖော်ပြထားသည်။

ထိုသို့ ပြောင်းစေ့တန်ချိန်အတိုင်း ထွက်ရှိပါက ကမ္ဘာ့ပြောင်းစေ့ထုတ်လုပ်မှုတွင် နိုင်ငံအဆင့် ၆၇ အထိ ရောက်ရှိလာမည်ဖြစ်သည်။ လာအိုနိုင်ငံ၏ပြောင်းစိုက်ပျိုး ထုတ်လုပ်နိုင်မှုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ကာ ၂၇ ရာခိုင်နှုန်းခန့် ကျဆင်းနေခဲ့ရာ ၂၀၂၂ ခုနှစ်ကလည်း ပြောင်းစိုက်ပျိုးထွက်ရှိမှု အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ပြောင်းစိုက်ပျိုးထွက်ရှိမှု တိုးမြင့်လာစေရေးအတွက် အရည်အသွေးစံချိန်မီသော မျိုးစေ့ကောင်းများရရှိရန် လိုအပ်နေပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှလည်း ရယူလျက်ရှိသည်။ ထိုင်းနိုင်ငံမှ ပြောင်းစိုက်ပျိုးရေးနှင့်ဆိုင်သော ပညာရှင်များကလည်း လာအိုနိုင်ငံသို့လာရောက်ကာ အသိပညာများ ဖြန့်ဖြူးပေးကာ ကွင်းဆင်းလေ့လာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။ ထို့အတူ ထိုင်းနိုင်ငံမှ ပြောင်းစိုက်ပျိုးထွက်ရှိမှုများကို လေ့လာသိရှိနိုင်ရန်လည်း ဖိတ်ခေါ်ကာ ဗဟုသုတနှင့် အသိပညာများပေးလျက်ရှိသည်။

နိုင်ငံတကာဈေးကွက် ပြောင်းမျိုးစေ့ကောင်းများ ပြည်ပမှရယူကာ လာအိုတောင်သူများအနေဖြင့် မိမိတို့ကိုယ်ပိုင်မျိုးစေ့ ပျိုးထောင်ရယူနိုင်ရေး ကျေးလက်မျိုးစေ့ဘဏ်များ ထူထောင်နိုင်ရေး ကြိုးပမ်းနေကြောင်း သိရသည်။ လာအိုနိုင်ငံ၏ ရေမြေရာသီဥတုနှင့်ကိုက်ညီသော ပြောင်းမျိုးကောင်းများ ရရှိရေးအပြင် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိမည့် မျိုးစေ့များဖြစ်စေရေးအတွက်လည်း ပြည်ပစိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လာအိုနိုင်ငံရှိ ပြောင်းစိုက်တောင်သူများသည် ထိုင်းနိုင်ငံကဲ့သို့ ကျေးလက်အခြေစိုက် ပြောင်းမျိုးကောင်းများ ထွက်ရှိနိုင်ရေးအလေးထား စိုက်ပျိုးဖော်ဆောင်ရန်လည်း လာအိုနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများက တိုက်တွန်းလျက်ရှိပြီး လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းပေးမှုများလည်း ဆောင်ရွက်နေသည်။ ထို့အတူ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းခြင်းကို သဘာဝအတိုင်း အခြေခံကျကျ ဆောင်ရွက်ရန်နှင့် ဓာတ်မြေသြဇာ အသုံးပြုမှု လျှော့ချရေးကိုလည်း အလေးထားကြရန် ဆော်သြလျက်ရှိသည်။

လာအိုနိုင်ငံ ဆာရာဘူရီ ပြည်နယ်တွင် ပြောင်းစိုက်ပျိုးရေးဧက်များ ထူထောင်ပြီး စိုက်ပျိုးနိုင်မှုကြောင့် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ခဲ့ပြီး ပြည်ပဝင်ငွေ ရရှိခဲ့သည်။ ထို့အတူ စင်ကောင်ပြည်နယ်တွင်လည်း ပြောင်းစိုက်ပျိုးရေးဧက်ထူထောင်နိုင်ခဲ့မှုကြောင့် ပြောင်းစိုက်ပျိုးထွက်ရှိမှုများ တိုးတက်ကာ ဗီယက်နမ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ လာအိုနိုင်ငံ တစ်ဝန်း စိုက်ပျိုးရေးဧက်များ ထပ်မံတိုးချဲ့ဖော်ဆောင်နိုင်ရေးလည်း ကြိုးစားလျက်ရှိသည်။

ပြောင်းစိုက်ပျိုးထွက်ရှိမှု ပိုမိုကောင်းမွန်ရေးနှင့် နိုင်ငံတကာဈေးကွက်ဝင်အရည်အသွေး စံချိန်မီရေးတို့သည် ဈေးကောင်း ရရှိမှုအပြင် တောင်သူများ၏ ဝင်ငွေလည်း တိုးတက်မြင့်မားလာမည်ဖြစ်ရာ လာအိုတောင်သူများအား စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းဝေးစေရေးနှင့် ရိတ်သိမ်းချိန်လွန် စနစ်တကျထိန်းသိမ်း သိုလှောင်နိုင်ရေးတို့အတွက်ပါ လာအိုနိုင်ငံ စိုက်ပျိုးရေးတာဝန်ရှိသူများက ပံ့ပိုးကူညီနေကြောင်း သိရသည်။

လာအိုနိုင်ငံသည် ဗီယက်နမ်နှင့်လည်း ပြောင်းစိုက်ပျိုးရေး နှင့် ကုန်သွယ်ရေးတို့အတွက် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြောင်းစိုက်ပျိုးရေးနည်းပညာများ၊ ခေတ်မီစိုက်ပျိုးရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးများအပြင် ဗီယက်နမ်နိုင်ငံသို့ လာအိုမှပြောင်းစေ့များ တင်ပို့ရေးတို့အတွက်လည်း သဘောတူညီမှု ရရှိထားသည်။

လာအိုနိုင်ငံ ပြောင်းစိုက်ပျိုးထွက်ရှိမှုသည် ၂၀၂၃-၂၀၂၄ ခုနှစ်ကာလအတွင်း မက်ထရစ်တန်ချိန် ၄၈၀၀၀၀ ခန့် ထွက်ရှိနိုင်မည်ဟု လာအိုစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနမှ မျှော်မှန်းထားကြောင်း သိရသည်။ (LNA)

မိုးဖြင့်လင်းလက် စုစည်းတင်ပြသည်။

ဖိလစ်ပိုင် ၄က်ပျော ပြည်ပတင်ပို့မှု ကမ္ဘာ့ဒုတိယအများဆုံးဖြစ်ရေး ကြိုးပမ်း

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် ၄က်ပျောသီး စိုက်ပျိုးတင်ပို့သည့်နိုင်ငံများအနက် ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ၄က်ပျောသီး စိုက်ပျိုးတင်ပို့သူများ အသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ၄က်ပျောသီး ပြည်ပတင်ပို့မှု မက်ထရစ်တန် ၂ ဒသမ ၂၃၅ သန်းရှိခဲ့ရာ ကမ္ဘာ့တတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ကမ္ဘာ့ဒုတိယအများဆုံး ၄က်ပျောသီး တင်ပို့သည့်နိုင်ငံ မာဂွတီမာလာဖြစ်ပြီး ၂၀၂၂ ခုနှစ်က မက်ထရစ်တန် ၂ ဒသမ ၄၆၇ သန်းရှိခဲ့ကြောင်း အများဆုံး တင်ပို့သည့်နိုင်ငံမှာ အီကွေဒေါနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ၄က်ပျောသီး ပြည်ပတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာ့ဒုတိယအများဆုံးနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ၄က်ပျောသီး ပြည်ပတင်ပို့မှုမှ ဖိလစ်ပိုင် ပီဆိုဇွေ ၅၆ ဘီလီယံရရှိခဲ့ကြောင်း သိရပြီး ၂၀၂၂ ခုနှစ်တွင် ပြည်ပတင်ပို့မှုနှင့်ဝင်ငွေတို့ပါ အနည်းငယ် လျော့နည်းခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၁ ခုနှစ်က ၄က်ပျော ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉ ဘီလီယံ ရရှိခဲ့သဖြင့် တိုင်းပြည် ဝင်ငွေတိုးတက်ရန် အထောက်အကူပြုနိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၄က်ပျော စိုက်ပျိုးသည့်ဧရိယာမှာ ဟက်တာပေါင်း ၄၄၇၉၀၀ ခန့်ရှိပြီး နှစ်စဉ် ၄က်ပျောထွက်ရှိမှု မက်ထရစ်တန် ၈ ဒသမ ၄ သန်းခန့် ရှိနေသည်။ ထိုသို့ ၄က်ပျောစိုက်ပျိုးမှုမှ ပြည်ပသို့ မက်ထရစ်တန် ၂ ဒသမ ၄ဖ သန်းခန့်ကို တင်ပို့နေခြင်းလည်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ရာသီဥတုပြောင်းလဲမှုနှင့် ပိုးမွှားအန္တရာယ် ကျရောက်မှုတို့ကြောင့် ၄က်ပျော ထွက်ရှိမှုနှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။ ပိုးမွှားအန္တရာယ်ကို ၄က်ပျောစိုက်ဧရိယာ ဟက်တာပေါင်း ၁၅၀၀၀ နှင့် ၃ဖ၀၀၀ ခန့် ထိခိုက်မှု ကြုံတွေ့ခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံ ၄က်ပျောသုတေသနဌာနမှလည်း ၄က်ပျောစိုက်တောင်သူများ ပိုးမွှားအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ကြောင်း သတိပေးထုတ်ပြန်ခဲ့သော်လည်း တောင်သူများ အချိန်မီ မတားဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ ၄က်ပျော စိုက်ပျိုးထုတ်လုပ်ရေး မလျော့ကျစေရန် ပိုးမွှားအန္တရာယ် အချိန်မီ တားဆီးကာကွယ်နိုင်ရေး၊ ၄က်ပျော ပင်နှင့် ၄က်ပျောသီးများ ရောဂါ ဖြစ်ပွားမှုကင်းစင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို ဖြေရှင်းဆောင်ရွက်နေကြောင်း တောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များက စုပေါင်းတားဆီးကာကွယ်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ၄က်ပျောသီးများ ပြည်ပတင်ပို့မှုမှ အနည်းဆုံး အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရေးရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကမ္ဘာတွင် ၄က်ပျောသီး ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးလည်း တာဝန်ရှိသူများက တွန်းအားပေးဖော်ဆောင်နေကြောင်း သိရသည်။ ထိုသို့ ဖော်ဆောင်ရာတွင် ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း စိုက်ပျိုးစရိတ်၊ စက်ပစ္စည်းကိရိယာ၊ မျိုးစေ့နှင့် မြေဩဇာတို့အပြင် နည်းပညာများလည်း ကူညီပံ့ပိုး ဖြည့်ဆည်းပေးလျက် ရှိသည်။

ဖိလစ်ပိုင်မှ ထွက်ရှိသော ၄က်ပျောသီးများကို တရုတ်၊ ဂျပန်၊ ဥရောပဈေးကွက်များသို့ တင်ပို့လျက်ရှိနေသည်။ ဖိလစ်ပိုင် ၄က်ပျောသီးများသည် အရသာကောင်းမွန်ခြင်း၊ ရနံ့မွှေးပျံ့ခြင်း၊ အလုံးအရွယ်အစား ကောင်းမွန်ခြင်း၊ အသားနူးညံ့ခြင်းတို့ကြောင့် ပြည်ပဈေးကွက်၌ ဝယ်လိုအားကောင်းနေခြင်းဖြစ်ရာ ယခု ၂၀၂၃ ခုနှစ်ကုန်၌ ကမ္ဘာ၄က်ပျောသီး တင်ပို့မှု ဒုတိယနေရာ၌ ရပ်တည်နိုင်ရေး ကြိုးစားနေကြောင်း သိရသည်။ PNA

ရန်ကုန်ဈေးကွက်

၂၂.၆.၂၀၂၃

ဆန်

ယခုရက်သတ္တပတ်အတွင်း ရွှေဘိုပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှင့် (အောက်စ) တစ်အိတ်လျှင် ၉၅၀၀၀ ကျပ်နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိပြီး ရွှေဘိုပေါ်ဆန်း လက်ကျန်အလွန်နည်းခြင်း၊ ရန်ကုန်ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ စားသုံးသူများမှ အရောင်းအဝယ် အေးသော်လည်း လျှောင်လက်များ လက်ဝယ်သာ ပစ္စည်းရှိခြင်းကြောင့် ဆန် (အလတ်စ)မှာ ဈေးငြိမ်အရောင်း အဝယ်အေးခဲ့ခြင်းဖြစ်သည်။

ရွှေဘိုပေါ်ဆန်း (အောက်စ) မှာမူ ယခင်အပတ်ထက် ဆန်တစ်အိတ်လျှင် ၂၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါ်ကျွဲဆန်မှာ (အလတ်စ) တစ်တင်းခွဲ တစ်အိတ် လျှင် ၇၉၀၀၀ နှင့် (အောက်စ) တစ်အိတ်လျှင် ၇၈၀၀၀ ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၉၀၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ် လျှင် ၈၈၀၀၀ ကျပ်နှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည်။

ဖျာပုံပေါ်ဆန်းမှာ စားသုံးသူများမှ ဝယ်ယူမှုများခြင်းနှင့် ပေါ်ကျွဲဆန်များအား ရောနှောရောင်းချရန် ဝယ်ယူမှုများခြင်းတို့ကြောင့် ပေါ်ကျွဲဆန်နှင့် ဖျာပုံပေါ်ဆန်းဈေးနှုန်းများမှာ ယခင်အပတ်ထက် ဆန်တစ်အိတ်လျှင် ၄၀၀၀ ကျပ်ဝန်းကျင်ခန့် ဈေးမြင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခင်အပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဧည့်မထ ဆန် (အောက်စ)မှာ ဈေးနှုန်း ပြောင်းလဲမှုမရှိသော်လည်း (အလတ်စ)မှာ ယခင်အပတ်ထက် ဆန်တစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့် ဈေးမြင့်ခဲ့သည်။

ဈေးကွက်သို့ ဧည့်မထဆန် ဝင်ရောက်မှုနည်းခြင်းနှင့် ဧည့်မထ ဆန် (အလတ်စ) အား စားသုံးသူများမှ ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့ခြင်း ဖြစ်သည်။ ဧည့်မထဆန် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၂၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၆၀၀၀၀ ကျပ်နှုန်း တို့ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ငစိန်ဆန်မှာ ဈေးကွက်သို့ ကုန် အဝင်နည်းခြင်းနှင့် အရောင်းအဝယ်အေးခြင်းတို့ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခင်အပတ်နည်းတူ အမြင့်ဈေးဖြင့် ဈေးငြိမ်လျက်ရှိသည်။ ဆန်စပါး စိုက်ပျိုးထွက်ရှိသောဒေသများတွင် ဆန်လက်ကျန်နည်းခြင်း၊ စိုက်ပျိုးချိန်ကာလတွင် သွင်းအားစုများ ဈေးမြင့်ခဲ့ခြင်း၊ လျှောင်လက်များမှ ဝယ်ယူမှုများခြင်း၊ သဘော်တင်ရန်အတွက်လည်း ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် စပါးဈေး၊ ဆန်ဈေးများ တစ်နေ့ထက်တစ်နေ့ ဆက်လက်မြင့်တက်လာခဲ့ပြီး စားသုံးသူများမှာမူ လက်လီ ဝယ်ယူမှုသာ များကြောင်း သိရသည်။

ဆန်နှင့်စပါးဈေးနှုန်း များ ဈေးမြင့်လျက်ရှိသော်လည်း ယခင်လအတွင်း၌လည်း ဆန်တင်ပို့မှု ပုံမှန်ရှိခဲ့ကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန် ဝင်ရောက်မှုနည်းခဲ့ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ထိုင်းနယ်စပ်နှင့် တရုတ်နယ်စပ်သို့ တင်ပို့မှု လျော့နည်းခဲ့သော်လည်း ပင်လယ်ရေကြောင်းမှ ပုံမှန်တင်ပို့မှုရှိခြင်း၊ အစာစပ်လုပ်ငန်းများမှ လည်း ပုံမှန်ဝယ်ယူမှုရှိခြင်း၊ ပြည်ပနိုင်ငံများ၏ ငွေလဲနှုန်းများမှာလည်း ဈေးမြင့်နေခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိသာ လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၆၅၃၄၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၆၆၄၂၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်း ဖြစ်သည်။ နယ်စပ်ရှိ ပြောင်းဈေးနှုန်းများမှာ များစွာပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံ

ကြက်သွန်နီ (ထူး၊ လတ်၊ သေး)များမှာ စိုက်ပျိုးထွက်ရှိရာ ဒေသများတွင် ပြည်ပဝယ်လက်များ ဖြစ်သော မြဝတီဝယ်လက်နှင့် တရုတ်ဝယ်လက်များမှ ဝယ်ယူမှုရှိခြင်း၊ ပစ္စည်းအလှရှားခြင်းတို့ကြောင့် ဈေးမြင့်လျက်ရှိပြီး၊ ရန်ကုန်ဈေးကွက်တွင်မူ ကုန်အဝင်ပုံမှန်ရှိခြင်း၊ စားသုံးသူများမှ အရောင်းအဝယ်အေးခြင်း၊ အရည်အသွေးနိမ့်ခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ် ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊ လတ်၊ သေး) တစ်ပိသာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၂၂၀၀၊ ၂၂၀၀၊ ၁၈၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၀၇၅၊ ၂၀၇၅၊ ၁၇၂၅ ကျပ်ဖြစ်သည်။ ဈေးကွက်သို့ ဆိတ်ဖြူ၊ မုံရွာဒေသများမှ ကြက်သွန်နီများ ဝင်ရောက်မှု ရှိခဲ့ကြောင်းသိရသည်။

ကြက်သွန်ဖြူ (ကြူကုတ်)မှာ တင်သွင်းဈေးမြင့်ခြင်း၊ ကုန်အဝင်နည်းခြင်းတို့ကြောင့် ဈေးမြင့်လျက်ရှိရာမှ စားသုံးသူများမှ ဝယ်ယူမှုနည်းခြင်း၊ အဟောင်းစများ အရည်အသွေး နိမ့်လာခြင်းတို့ကြောင့် ယခင်အပတ်ထက် ပျမ်းမျှဈေးနှုန်းမှာ ၆၉၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၆၈၅၀ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ (ရှမ်း)မှာ အောင်ပန်းဒေသမှ ကုန်အဝင်နည်းခြင်း၊ စားသုံးသူများမှ ဝယ်လိုအား များခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိသာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၅၃၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ်ဈေးနှုန်းမှာ ၆၃၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်း ဖြစ်သည်။

အာလူးဈေးနှုန်းများမှာ ဟဲဟိုး အာလူးများ အရည်အသွေး၊ အရွယ်အစားလုပကောင်းမွန်ခြင်း၊ တရုတ် အာလူးများ ဝင်ရောက်မှုမရှိခြင်း၊ စားသုံးသူများမှ ဝယ်ယူမှုများခြင်းတို့ကြောင့် ကုန်အဝင်ပိုလာသော်လည်း ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ အာလူး (အက်စ်ဝမ်း၊ အိုကေ၊ အေဝမ်း)တစ်ပိသာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၃၅၀၊ ၂၃၅၀၊ ၂၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၅၅၀၊ ၂၅၅၀၊ ၂၂၅၀ ကျပ်ဖြစ်သည်။

စားသုံးဆီ

စားအုန်းဆီဈေးနှုန်းများမှာ တင်သွင်းဈေးနိမ့်လာခြင်းကြောင့် စားအုန်းဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ၂၀၂၃ ခုနှစ် ဇွန်လ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်လက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိသာလျှင် ၃၇၅၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်၏ လက်ကားရည်ညွှန်းဈေးနှုန်းထက် တစ်ပိသာလျှင် ကျပ် ၄၀ ဈေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ပြင်ပရှိ လက်လီဈေးကွက်တွင် စားအုန်းဆီ တစ်ပိသာလျှင် ၆၄၀၀ ကျပ်နှုန်းဖြင့် ဈေးငြိမ်လျက်ရှိသည်။ မြေပဲဆီ၊ နှမ်းဆီများနှင့် ပြည်ပမှ တင်သွင်းသော ဆီဘူးအမျိုးမျိုးတို့မှာ ဈေးမြင့်လျက်ရှိခြင်းကြောင့် စားသုံးသူများက စားအုန်းဆီများသာ ဝယ်ယူ စားသုံးမှုများကြောင်း သိရသည်။ ■

မန္တလေးဈေးကွက်

၂၂.၆.၂၀၂၃

ဆန်

မန္တလေးကိုင်းတန်းဈေးတွင် ဆန်ဈေးနှုန်းအခြေအနေကို လေ့လာပါက ရန်ကုန်ပေါ်ဆန်းနှင့် ရွှေဘိုပေါ်ဆန်းတို့မှာ မြို့တွင်းသုံးဝယ်ယူမှုနည်းပြီး အရောင်းအဝယ်အေးခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း တစ်အိတ် ၉၈၀၀၀ ကျပ်မှ ၉၆၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ် ၁၀၅၀၀၀ ကျပ်မှ ၁၀၄၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

မနောသုခဆန်မှာလည်း မြို့တွင်းစားသုံးမှုနည်းခြင်း၊ နွေစပါးပေါ်ချိန်နီးခြင်းကြောင့် ယခင်အပတ်တစ်အိတ် ၈၀၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ဧယာနှင့် ငစိန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝယ်ယူရသောဆန်ဖြစ်ခြင်း၊ တရုတ်ဝယ်လက်ရှိခြင်း၊ လုပ်ငန်းသမားအဝယ်ရှိခြင်းတို့ကြောင့် ဧယာတစ်အိတ် ၇၂၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ငစိန်ဆန်တစ်အိတ် ၅၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဧရာမင်းဆန်မှာ အသစ်စိုက်ပျိုးစအချိန် ဖြစ်ခြင်းကြောင့် လျှောင်သမားထံမှ ဝယ်ရခြင်း၊ စိုက်ဧကနည်း အထွက်နည်းခြင်းကြောင့် တစ်အိတ်လျှင် ၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စားသုံးဆီ

ပဲဆီတစ်ပိသာ ၁၂၅၀၀ ကျပ်မှ ၁၃၅၀၀ ကျပ်၊ နှမ်းဆီတစ်ပိသာ ၁၂၀၀၀ ကျပ်၊ မုန်ညင်းဆီတစ်ပိသာ ၁၀၀၀၀ ကျပ်၊ ပဲပုပ်ဆီတစ်ပိသာ ၅၈၀၀ ကျပ်မှ ၆၅၀၀ ကျပ်၊ စားအုန်းဆီတစ်ပိသာ ၆၁၀၀ကျပ် ဈေးဖြင့် အရောင်းအဝယ်အေးသော်လည်း ဈေးတည်ငြိမ်နေသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်းကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ(လုံးဆန်) ဈေးနှုန်းမှာ မိုးမြေပဲစိုက်ထားချိန်ဖြစ်၍ လျှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ လုပ်ငန်းသမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိသာ အရည်အသွေးအကောင်းဆုံး ၆၈၀၀၀ ကျပ်ဖြင့် တည်ငြိမ်နေပြီး မြေပဲဆီဆန်မှာ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၁၀၀ ပိသာ ၆၀၀၀၀ ကျပ်မှ ၆၂၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် နှမ်းဖြူမှာ လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်ရှိခြင်းကြောင့် အက်ဆစ်ပါဝင်မှု အရည်အသွေးပေါ်မူတည်၍ ၄၅ပိသာ ၃၆၅၀၀၀ ကျပ်မှ ၃၄၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းညိုမှာ ဆီစက်သမား ပုံမှန်ဝယ်ယူမှုရှိခြင်း၊ နွေနှမ်းဝင်ရောက်မှုနည်းခြင်းကြောင့် ၄၅ ပိသာ ၃၀၄၀၀၀ ကျပ်မှ ၃၀၇၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ နှမ်းနက်စမုန်မှာ ၃၄၀၀၀၀ ကျပ်မှ ၃၅၀၀၀၀ ကျပ်သို့လည်းကောင်း၊ နှမ်း၀ါမှာ အထွက်နည်း အဝင်နည်းခြင်းကြောင့် ၄၅ပိသာ ၃၆၅၀၀၀ ကျပ်သို့ ဈေးမြင့်နေသည်။

ပန်းနှမ်းမှာ ရောဆီအဖြစ်သုံးရန် ဆီစက်သမား အဝယ်ရှိခြင်း၊ အထွက်နည်း အဝင်နည်း၍ ထွက်ရှိရာဒေသများမှအဝင်နည်းပြီး ပစ္စည်းရှားခြင်း ၄၅ ပိသာ ၂၀၀၀၀၀ ကျပ်၊ နေကြာမှာလည်း ဆောင်းနေကြာ လက်ကျန်နည်းခြင်း၊ မိုးနေကြာမဝင်သေးသော စပ်ကူးမတ်ကူးကာလဖြစ်ခြင်းကြောင့် ၂၇ပိသာ ၁၁၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်နေသည်။

စားဗိုဆောင်သီးနှံ

မန္တလေးကိုင်းတန်းနှင့် သီရိမာလာဈေး ကြက်သွန်ပွဲရုံများတွင် မုံရွာ၊ မြင်းခြံ ကြက်သွန်များ အဝင်များခြင်း နယ်ဝေးသို့တင်ပို့ရမှုနည်းခြင်းကြောင့် ကြက်သွန်နီ(ကြီး) တစ်ပိသာ ၂၃၀၀ ကျပ်မှ ၂၁၀၀ (လတ်)တစ်ပိသာ ၂၀၀၀ ကျပ် (သေး)တစ်ပိသာ ၁၈၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ဖြစ်ခြင်းကြောင့် တစ်ပိသာ ၆၈၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်အသွေး အကောင်းဆုံး တစ်ပိသာ ၆၅၀၀ ကျပ်၊ မြေပြန့်ကြက်သွန်ဖြူမှာ ပစ္စည်းမတွေ့ရသလောက် ရှားပြီး တစ်ပိသာ ၈၅၀၀ ကျပ်ထိ ဈေးအသီးသီး မြင့်နေသည်။

အာလူးဈေးနှုန်းအနေဖြင့် ယခုအပတ် အောင်ပန်းအာလူးရောင်းဝယ်မှုနည်းပြီး တရုတ်အာလူးများ ကိုသာ တစ်ပိသာ ၂၄၀၀ ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှုရှိနေသည်။

ချင်းဈေးနှုန်းအနေဖြင့် အခက်ကြီးများ အဝင်မရှိသေးဘဲ လက်ကျန်များသာရှိခြင်း ပင်ရင်းဒေသမှ ပြည်ပအဝယ်ရှိခြင်းကြောင့် ပင်ရင်းဈေး မြင့်ခြင်းကြောင့် အခက်ကြီးတစ်ပိသာ ၈၅၀၀ ကျပ် ၃မ တစ်ပိသာ ၅၈၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲမျိုးစုံ

မန္တလေးဈေးကွက်တွင် ရန်ကုန်ဝယ်လက်နည်း၍ အရောင်းအဝယ်အေးခြင်း၊ အရည်အသွေးညံ့ခြင်းတို့ကြောင့် ၆၀ ပိသာလျှင် ၂၄၅၀၀၀ ကျပ်မှ ၂၃၅၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ ထွက်ရှိရာဒေသအလိုက် ပဲအရည်အသွေးကွာခြားမှုပေါ်မူတည်၍ ဈေးကွာခြားခြင်း၊ တရုတ်ဝယ်လက်နည်းခြင်းတို့ကြောင့် ၅၆ ပိသာလျှင် ၁၅၀၀၀၀ ကျပ်မှ ၁၇၂၀၀၀ ကျပ်အထိ ဈေးအမျိုးမျိုးဖြင့် အရောင်းအဝယ်ပုံမှန် ရှိနေသည်။

ပဲစင်းငုံ (ဖြူ/နီ) တို့မှာ လျှောင်လက်ထံမှဝယ်ရခြင်း၊ ရန်ကုန်ဝယ်လက်က ဈေးချဝယ်ယူခြင်းတို့ကြောင့် ရောင်းလိုအားနည်းပြီး၊ ပဲစင်းငုံဖြူ သုံးတင်းတစ်အိတ် ၂၉၅၀၀၀ ကျပ် ပဲစင်းငုံ(နီ)တစ်အိတ် ၃၀၇၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ (လုံးဖြူကြီး/လုံးဝါကြီး)တို့မှာ လုပ်ငန်းသမား၊ စက်သမားအဝယ်နည်းခြင်းကြောင့် လုံးဖြူကြီး ၃တင်းတစ်အိတ် ၂၆၀၀၀ ကျပ်၊ လုံးဝါကြီး သုံးတင်းတစ်အိတ် ၂၅၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ လုံးဝါကြီးဈေးနိမ့်သဖြင့် ခွဲခြမ်းမှာလည်း ဈေးနိမ့်သွားပြီး တစ်ပိသာ ၆၄၀၀ ကျပ်မှ ၆၂၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲကြီး (ကြီး/သေး) ထောပတ်ပဲ(ကြီး/သေး) တို့မှာ တရုတ်ဝယ်လက်၊ ရန်ကုန်ဝယ်လက်ရှိခြင်း၊ ဆောင်းလက်ကျန်နည်းပြီး မိုးပဲစိုက်ထားချိန်ဖြစ်ခြင်းကြောင့် ၃ တင်းတစ်အိတ် ပဲကြီး(ကြီး) ၂၉၀၀၀၀ ကျပ်၊ ပဲကြီး(သေး) ၂၇၅၀၀၀ ကျပ်၊ ထောပတ်ပဲ(ကြီး) ၂၉၀၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး) ၂၇၀၀၀၀ ကျပ် ဈေးမသိမသာမြင့်သွားသည်။

ဟင်းသီးဟင်းရွက်

သီရိမာလာဈေးမှာ ဟင်းသီးဟင်းရွက်ပွဲရုံများ သားငါးဒိုင်များ ရှိပြီး ဟင်းသီးဟင်းရွက်ဈေးနှုန်းအနေဖြင့် ခရမ်းချဉ်(အင်းသီး)မှာ အဝင်နည်း ပစ္စည်းရှားခြင်းကြောင့် ၂၀ပိသာ တစ်သေတ္တာ ၂၅၀၀၀ ကျပ် ပြင်ဦးလွင်၊ နောင်ချိ၊ ကျောက်မဲသီး တစ်ပိသာ ၁၅၀၀ မှ ၁၈၀၀ ကျပ်ဖြင့် မြို့တွင်းသုံးနှင့် မြစ်ကြီးနား၊ လုံးခင်းသို့ တင်ပို့မှုရှိသည်။

အောင်ပန်း၊ နောင်ချိုမှ ဂေါ်ဖီထုပ်၊ ပန်းမုန်လာများ အဝင်များသဖြင့် ပန်းမုန်လာတစ်ပွင့် ၁၀၀၀ ကျပ် ဂေါ်ဖီထုပ်တစ်ထုပ် ၁၂၀၀ ကျပ်ဖြင့် စားသောက်ဆိုင်များ ဝယ်ယူမှု များသည်။

နောင်ချိုမှ ခရမ်းသီးများ အဝင်နည်း အရည်အသွေးကောင်းခြင်းကြောင့် တစ်ပိသာ ၁၀၀၀ ကျပ် ဈေးရှိပြီး ဘိုစားပဲသီးမှာ အဝင်နည်း၊ မြို့တွင်းသုံးဝယ်ယူမှုများသဖြင့် တစ်ပိသာ ၃၅၀၀ ကျပ်ထိ ဈေးမြင့်နေသည်။

မန္တလေးဝန်းကျင်နှင့် ဒေသစုံမှ ထိုင်ဝမ်ပြောင်းများ အဝင်များခြင်း၊ ကျောင်းဈေးနှင့် လက်လီသမားပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ ဖူးလျှင် ၂၅၀၀၀ ကျပ်မှ ၂၇၀၀၀ ကျပ်အထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်မှု ရှိသည်။ ■

၂၀၂၃ခုနှစ်ဇွန်လ၏ သွင်းအားစုဈေးနှုန်းများ (၂၃-၆-၂၀၂၃)

Source : ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

စဉ်	သီးနှံအမည်	ယူနစ်		နေပြည်တော်	ရန်ကုန်	မန္တလေး	မကွေး	ပဲခူး	စစ်ကိုင်း	ဧရာဝတီ	တနင်္သာရီ	ကချင်	ကယား	ကရင်	ရှမ်း(တောင်)	ရှမ်း(မြောက်)	ရှမ်း(အရှေ့)
		ရေတွက်ပုံ	တစ်ယူနစ် ပမာဏ														
ယူရီးယား																	
၁	မြင်းပျံ	အိတ်	၅၀ ကီလို	၈၀,၀၀၀	၈၆,၀၀၀	၈၇,၀၀၀		၈၅,၀၀၀	၈၇,၀၀၀	၈၆,၀၀၀	၁၂၀,၀၀၀	၉၈,၀၀၀		၉၀,၀၀၀	၉၅,၀၀၀		၁၄၀,၀၀၀
၂	ရွှေတောင်	အိတ်	၅၀ ကီလို	၇၄,၀၀၀	၈၈,၀၀၀	၉၃,၀၀၀		၈၅,၀၀၀	၈၉,၀၀၀	၇၃,၀၀၀	၁၀၅,၀၀၀	၉၅,၀၀၀	၉၅,၀၀၀		၉၅,၀၀၀	၇၉,၀၀၀	၁၃၅,၀၀၀
၃	သြဘာ/ကောမက်	အိတ်	၅၀ ကီလို		၁၀၀,၀၀၀	၉၃,၀၀၀		၈၅,၀၀၀	၁၀၇,၅၀၀	၈၃,၀၀၀	၉၂,၅၀၀	၉၅,၀၀၀			၉၅,၀၀၀	၁၁၀,၀၀၀	၁၄၀,၀၀၀
၄	ရွှေနဂါး	တင်း	၅၀ ကီလို	၇၅,၀၀၀	၁၀၅,၀၀၀	၈၇,၀၀၀		၈၅,၀၀၀	၉၀,၀၀၀	၇၂,၀၀၀	၉၀,၀၀၀				၉၃,၀၀၀		၁၃၅,၀၀၀
၅	ဝိစာရ	တင်း	၅၀ ကီလို		၉၈,၀၀၀			၈၅,၀၀၀	၉၀,၀၀၀		၈၅,၀၀၀				၉၃,၀၀၀	၉၇,၀၀၀	
တီစူပါ																	
၆	သံကွင်း	အိတ်	၅၀ ကီလို		၁၀၀,၀၀၀	၉၈,၀၀၀	၇၀,၀၀၀	၉၅,၀၀၀	၈၈,၅၀၀	၉၀,၀၀၀	၁၂၁,၀၀၀		၁၀၀,၀၀၀		၉၆,၀၀၀		
၇	အာမိုး	အိတ်	၅၀ ကီလို	၁၁၀,၀၀၀	၁၂၅,၀၀၀	၉၆,၀၀၀	၇၂,၀၀၀	၉၅,၀၀၀	၈၀,၀၀၀	၈၄,၀၀၀	၉၃,၀၀၀	၁၃၀,၀၀၀			၉၈,၀၀၀		၁၄၀,၀၀၀
၈	သြဘာ/ကောမက်	အိတ်	၅၀ ကီလို		၁၁၄,၀၀၀	၉၃,၀၀၀	၇၂,၀၀၀	၁၀၀,၀၀၀	၈၀,၀၀၀	၉၀,၀၀၀	၁၁၇,၅၀၀	၁၂၅,၀၀၀			၁၀၅,၀၀၀	၁၂၀,၀၀၀	၁၄၅,၀၀၀
၉	ဝိစာရ	အိတ်	၅၀ ကီလို		၁၀၀,၀၀၀	၉၃,၀၀၀	၇၃,၀၀၀	၁၀၀,၀၀၀	၇၂,၀၀၀						၉၅,၀၀၀		
ဝိုတက်																	
၁၀	မာကိုတာ	အိတ်	၅၀ ကီလို	၉၄,၀၀၀	၁၀၅,၀၀၀	၁၃၀,၀၀၀	၇၂,၀၀၀	၉၅,၀၀၀	၁၂၁,၀၀၀		၁၃၁,၀၀၀	၁၃၀,၀၀၀		၁၃၀,၀၀၀	၉၅,၀၀၀	၁၂၅,၀၀၀	၁၄၅,၀၀၀
၁၁	ဝိစာရ	အိတ်	၅၀ ကီလို		၁၃၄,၀၀၀	၁၀၅,၀၀၀	၇၂,၈၀၀	၁၀၀,၀၀၀	၁၅၀,၀၀၀	၉၅,၀၀၀	၁၆၀,၀၀၀				၉၅,၀၀၀		
၁၂	အာမိုး	အိတ်	၅၀ ကီလို	၁၂၀,၀၀၀	၁၃၈,၀၀၀		၇၈,၀၀၀	၁၀၀,၀၀၀	၁၅၂,၀၀၀	၁၀၀,၀၀၀	၁၄၀,၀၀၀	၁၃၀,၀၀၀			၉၈,၀၀၀	၁၄၀,၀၀၀	
၁၃	သြဘာ	အိတ်	၅၀ ကီလို		၁၁၀,၀၀၀		၇၇,၈၀၀	၉၈,၀၀၀	၁၄၇,၀၀၀		၁၂၀,၀၀၀		၁၁၅,၀၀၀		၉၈,၀၀၀		
ကွန်ပေါင်း																	
၁၄	သြဘာ/ကောမက်	အိတ်	၅၀ ကီလို	၁၃၅,၀၀၀	၁၂၅,၀၀၀	၁၃၀,၀၀၀	၁၃၃,၀၀၀	၁၂၀,၀၀၀	၁၄၀,၆၀၀	၁၁၅,၀၀၀	၁၃၀,၀၀၀	၉၅,၀၀၀	၁၁၀,၀၀၀	၁၄၅,၀၀၀	၉၆,၀၀၀	၁၄၅,၀၀၀	၁၄၀,၀၀၀
၁၅	အာမိုး	အိတ်	၅၀ ကီလို		၁၃၅,၀၀၀	၁၃၅,၀၀၀	၁၃၀,၅၀၀	၁၂၅,၀၀၀	၁၄၅,၀၀၀	၁၂၂,၀၀၀	၁၄၃,၅၀၀	၈၅,၀၀၀	၁၃၀,၀၀၀		၉၅,၀၀၀	၁၃၅,၀၀၀	
၁၆	ဝိစာရ	အိတ်	၅၀ ကီလို	၁၀၅,၀၀၀	၁၀၅,၀၀၀	၁၃၀,၀၀၀	၁၄၀,၀၀၀	၁၂၅,၀၀၀	၁၄၄,၀၀၀		၁၁၀,၀၀၀	၁၇၀,၀၀၀			၈၇,၀၀၀		
၁၇	ရွှေနဂါး	အိတ်	၅၀ ကီလို		၁၁၀,၀၀၀		၁၂၇,၀၀၀	၁၂၀,၀၀၀	၁၄၅,၀၀၀	၁၀၀,၀၀၀		၉၀,၀၀၀			၉၂,၀၀၀		
၁၈	သံကွင်း	အိတ်	၅၀ ကီလို		၁၀၀,၀၀၀		၁၂၅,၀၀၀	၁၁၅,၅၀၀	၁၁၂,၅၀၀		၁၃၆,၀၀၀	၁၀၀,၀၀၀			၈၈,၀၀၀		
ဂျစ်ပဆန်																	
၁၉	သြဘာ/ကောမက်	အိတ်	၂၅ ကီလို	၆,၀၀၀	၈,၀၀၀	၇,၅၀၀	၆,၄၀၀	၇,၀၀၀	၈,၅၀၀	၇,၀၀၀	၁၂,၀၀၀	၁၂,၀၀၀		၇,၀၀၀	၈,၀၀၀	၁၀,၀၀၀	၈,၀၀၀
၂၀	အာမိုး	အိတ်	၂၅ ကီလို	၆,၀၀၀	၇,၀၀၀	၆,၅၀၀	၆,၂၅၀	၆,၅၀၀	၈,၅၀၀	၇,၀၀၀	၁၁,၀၀၀	၁၂,၀၀၀			၈,၅၀၀	၉,၀၀၀	၇,၅၀၀
ရွက်ဖျန်းမြေဩ																	
၂၁	သြဘာ/ကောမက်	ဗူး	၅၀၀ စီစီ	၇,၇၀၀	၁၃,၀၀၀	၇,၀၀၀		၁၁,၅၀၀	၉,၅၀၀	၇,၀၀၀	၉,၂၅၀	၈,၀၀၀		၉,၀၀၀	၁၂,၅၀၀	၈,၀၀၀	၈,၀၀၀
၂၂	အာမိုး	ထုပ်	၅၀၀ ဂရမ်	၉,၀၀၀	၁၅,၀၀၀	၆,၅၀၀	၇,၇၀၀	၈,၀၀၀	၈,၅၀၀	၈,၀၀၀	၉,၂၅၀	၈,၀၀၀	၇,၅၀၀		၁၂,၀၀၀	၇,၀၀၀	၇,၀၀၀
ပိုးသတ်ဆေး																	
၂၃	တင်းရှန့်	ဗူး	၅၀၀ စီစီ				၂၈,၀၀၀	၂၇,၀၀၀	၁၂,၀၀၀		၂၅,၀၀၀				၁၉,၀၀၀		
၂၄	ဒါနာဒင်	ဗူး	၅၀၀ စီစီ	၂၆,၇၀၀	၂၄,၅၀၀	၂၆,၇၀၀	၂၅,၀၀၀	၂၅,၀၀၀	၂၇,၈၀၀		၂၅,၅၀၀				၁၅,၀၀၀	၂၅,၀၀၀	
၂၅	ဖိုင်းယား	ဗူး	၅၀၀ စီစီ	၂၃,၀၀၀	၂၃,၅၀၀	၂၆,၁၀၀	၂၆,၀၀၀	၂၄,၅၀၀	၂၅,၀၀၀	၂၂,၀၀၀	၂၈,၀၀၀		၃၅,၀၀၀		၂၀,၀၀၀	၂၆,၀၀၀	
၂၆	ဖျူရီ	ဗူး	၅၀၀ စီစီ				၂၀,၀၀၀	၂၂,၅၀၀	၁၇,၀၀၀	၄၀,၀၀၀	၁၈,၀၀၀						
၂၇	ဘက်တား	ထုပ်	၅၀၀ ဂရမ်	၄၁,၄၀၀	၂၂,၀၀၀	၅၀,၀၀၀	၂၂,၀၀၀	၂၃,၀၀၀	၂၆,၀၀၀	၂၂,၀၀၀	၄၀,၀၀၀	၁၈,၀၀၀		၇၅,၀၀၀	၁၃,၅၀၀	၂၅,၀၀၀	၂၂,၀၀၀
မှိုသတ်ဆေး																	
၂၈	ကာဆူမင်	ဗူး	၅၀၀ စီစီ	၂၂,၅၀၀		၁၇,၀၀၀	၁၆,၅၀၀	၂၄,၀၀၀	၉,၅၀၀		၁၈,၅၀၀	၅,၀၀၀		၃၅,၀၀၀	၁၉,၅၀၀	၁၁,၀၀၀	၂၅,၀၀၀
၂၉	ဆင်နာဂျီ	ထုပ်	၅၀၀ ဂရမ်	၁၈,၀၀၀	၁၈,၅၀၀	၁၅,၈၀၀	၁၇,၅၀၀		၂၃,၀၀၀		၁၈,၀၀၀	၂၀,၀၀၀	၂၇,၀၀၀	၂၇,၅၀၀	၃၅,၀၀၀	၁၈,၀၀၀	
၃၀	မန်ကိုဇက်	ထုပ်	၅၀၀ ဂရမ်	၂၅,၀၀၀	၁၈,၀၀၀	၁၁,၀၀၀	၁၂,၀၀၀	၁၅,၀၀၀	၂၀,၀၀၀	၁၇,၅၀၀	၁၈,၀၀၀	၁၂,၀၀၀	၁၇,၀၀၀	၂၅,၀၀၀	၉,၀၀၀	၂၀,၀၀၀	၂၃,၅၀၀
၃၁	ယူနတီ	ဗူး	၅၀၀ စီစီ	၆၅,၀၀၀		၆၂,၅၀၀	၄၅,၀၀၀	၂၃,၀၀၀	၆၂,၀၀၀	၅၈,၀၀၀	၇၀,၀၀၀	၃၆,၀၀၀					
၃၂	ဟက်ဇာဂွန်/ဟက်ဇာဂိုနားဒိုး	ဗူး	၅၀၀ စီစီ	၂၂,၄၀၀	၁၈,၅၀၀	၁၅,၀၀၀	၂၂,၀၀၀	၁၈,၀၀၀	၃၅,၀၀၀	၁၈,၀၀၀	၁၉,၀၀၀	၁၇,၀၀၀	၁၄,၁၀၀		၁၆,၅၀၀		
၃၃	အာမိုးခရောင်း	ထုပ်	၅၀၀ ဂရမ်	၁၂,၀၀၀		၃၂,၅၀၀	၂၈,၀၀၀		၇,၀၀၀	၂၄,၀၀၀	၁၄,၂၅၀		၃၀,၀၀၀		၁၉,၀၀၀		၂၈,၀၀၀
ပေါင်းသတ်ဆေး																	
၃၄	ကွန်ပလီ	ထုပ်	၅၀၀ ဂရမ်	၃၅,၀၀၀		၄၀,၀၀၀		၃၄,၀၀၀	၃၀,၀၀၀	၄၀,၀၀၀	၃၀,၀၀၀	၄၅,၀၀၀	၃၅,၀၀၀		၂၀,၀၀၀		
၃၅	ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ	ဗူး	၁ လီတာ	၁၁,၅၀၀	၁၅,၀၀၀	၁၈,၀၀၀	၂၆,၀၀၀	၂၆,၀၀၀	၁၂,၀၀၀		၁၈,၅၀၀	၁၆,၀၀၀	၂၀,၀၀၀		၁၂,၀၀၀	၁၉,၀၀၀	
၃၆	ဂျင်နရယ်	ဗူး	၁ လီတာ	၁၄,၀၀၀		၁၂,၅၀၀			၁၂,၅၀၀		၁၆,၅၀၀		၂၀,၀၀၀		၁၂,၀၀၀		
၃၇	ဇောင်းထက်(40wp)	ထုပ်	၅၀၀ ဂရမ်	၃၂,၀၀၀		၂၇,၀၀၀	၆,၀၀၀	၂၀,၀၀၀	၃၀,၀၀၀		၂၅,၀၀၀				၁၂,၀၀၀		
၃၈	ဖော်ကျွန်း	ဗူး	၅၀၀ စီစီ	၂၃,၅၀၀	၂၉,၀၀၀	၂၃,၀၀၀	၂၃,၀၀၀	၂၄,၀၀၀	၂၈,၀၀၀	၂၃,၀၀၀	၂၅,၀၀၀	၂၃,၀၀၀	၃၀,၀၀၀	၃၀,၀၀၀	၁၄,၀၀၀		
၃၉	မက်ဖိုက်တာ	ထုပ်	၅၀၀ ဂရမ်				၁၀,၆၀၀		၁၅,၅၀၀	၁၆,၀၀၀	၄၅,၀၀၀				၁၅,၀၀၀		
၄၀	ဝိစာရ	ဗူး	၅၀၀ စီစီ			၁၅,၀၀၀		၃၅,၀၀၀	၁၄,၀၀၀		၁၆,၅၀၀				၁၈,၅၀၀	၂၇,၀၀၀	
ဟော်မုန်း																	
၄၁	ဂရိုးသြ	ထုပ်	၁၀ စီစီ	၁,၂၀၀		၁,၄၀၀	၁,၅၀၀	၁,၈၀၀	၁,၂၀၀	၂,၀၀၀	၂,၀၀၀	၁,၅၀၀	၁,၃၀၀				၁,၅၀၀
၄၂	ဖာတီစတက်	ဗူး	၅၀၀ စီစီ	၂၅,၀၀၀					၆,၀၀၀		၁၈,၀၀၀	၁၅,၀၀၀	၃၂,၅၀၀	၁၇,၅၀၀	၁၆,၀၀၀	၁၇,၀၀၀	
၄၃	မော်ရယ်မုန်း/လစ်တိုဇင်	ဗူး	၅၀၀ စီစီ	၂၃,၁၀၀		၂၁,၀၀၀	၂၅,၀၀၀		၂၅,၀၀၀		၁၅,၂၅၀		၃၆,၀၀၀	၅၀,၀၀၀	၁၈,၀၀၀	၂၆,၀၀၀	
၄၄	အာမိုး	ဗူး	၅၀၀ စီစီ			၂၂,၅၀၀	၁၃,၅၀၀		၂၄,၀၀၀		၂၅,၀၀၀				၁၈,၀၀၀		
၄၅	GA3	ထုပ်	၁၀ ဂရမ်	၂,၀၀၀		၁,၈၀၀		၂,၂၀၀	၂,၀၀၀	၂,၈၀၀	၂,၇၅၀	၂,၅၀၀		၂,၅၀၀	၃,၅၀၀	၂,၅၀၀	၃,၀၀၀

၂၀၂၃ခုနှစ်ဇွန်လ၏သွင်းအားစုဈေးနှုန်းများ (၂၃-၆-၂၀၂၃)

Source : ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

စဉ်	သီးနှံအမည်	ယူနစ်		နေပြည်တော်	ရန်ကုန်	မန္တလေး	မကွေး	ပဲခူး	စစ်ကိုင်း	ရောဝတီ	တနင်္သာရီ	ကချင်	ကယား	ကရင်	ရှမ်း(တောင်)	ရှမ်း(မြောက်)	ရှမ်း(အရှေ့)
		ရေတွက်ပုံ	တစ်ယူနစ် ပမာဏ														
မျိုးစေ့																	
၄၆	မနောသုခ(မျိုး)	တင်း	၄၆ ပေါင်	၂၆,၀၀၀		၂၇,၀၀၀	၁၅,၀၀၀	၂၅,၀၀၀	၂၂,၀၀၀	၂၃,၃၀၀	၁၈,၀၀၀						
၄၇	ဆင်းသုခ(မျိုး)	တင်း	၄၆ ပေါင်	၂၆,၀၀၀	၂၀,၀၀၀	၂၇,၀၀၀	၁၅,၀၀၀	၂၅,၀၀၀	၂၀,၀၀၀	၂၃,၀၀၀	၁၇,၅၀၀						
၄၈	ဇရာမင်း(မျိုး)	တင်း	၄၆ ပေါင်	၃၀,၀၀၀	၃၀,၀၀၀	၃၅,၀၀၀	၁၈,၀၀၀		၂၄,၀၀၀	၂၄,၆၀၀	၁၈,၅၀၀						
၄၉	ပေါ်ဆန်းမွေး(မျိုး)	တင်း	၄၆ ပေါင်	၂၈,၀၀၀	၃၀,၀၀၀			၃၅,၀၀၀	၂၈,၀၀၀		၂၀,၅၀၀						
၅၀	လုံးသွယ်မွေး(မျိုး)	တင်း	၄၆ ပေါင်	၂၄,၀၀၀													
၅၁	ရွှေရင်အေး(မျိုး)	တင်း	၄၆ ပေါင်										၄၅,၀၀၀		၂၀,၀၀၀		၂၀,၀၀၀
၅၂	ပေါ်ဆန်းရင်(မျိုး)	တင်း	၄၆ ပေါင်	၂၈,၀၀၀	၂၄,၀၀၀					၃၃,၃၀၀	၁၉,၅၀၀						
၅၃	ရတနာတိုး(မျိုး)	တင်း	၄၆ ပေါင်	၂၀,၅၀၀				၂၅,၀၀၀									
၅၄	ရွှေသွယ်ရင်(မျိုး)	တင်း	၄၆ ပေါင်	၁၉,၅၀၀		၂၇,၀၀၀											
၅၅	ဆင်းသွယ်လတ်(မျိုး)	တင်း	၄၆ ပေါင်					၂၅,၀၀၀			၁၇,၅၀၀						
၅၆	မော်ဘီ-၂ (မျိုး)	တင်း	၄၆ ပေါင်					၂၅,၀၀၀			၁၉,၀၀၀						
၅၇	ထိုင်းနှံကောက် (မျိုး)	တင်း	၄၆ ပေါင်	၂၂,၀၀၀				၂၅,၀၀၀			၁၉,၀၀၀						
၅၈	ဆင်းဇကရီ-၃ (မျိုး)	တင်း	၄၆ ပေါင်													၂၀,၀၀၀	၂၀,၀၀၀

တိုင်းဒေသကြီး/ပြည်နယ်ဈေးကွက်အလိုက်သီးနှံလက်ကားဈေးနှုန်းများ (၂၃-၆-၂၀၂၃)

စဉ်	သီးနှံအမည်	ယူနစ်		နေပြည်တော်	ရန်ကုန်တိုင်း ဒေသကြီး	မန္တလေးတိုင်း ဒေသကြီး	မကွေးတိုင်း ဒေသကြီး	ပဲခူးတိုင်း ဒေသကြီး	စစ်ကိုင်းတိုင်း ဒေသကြီး	ရောဝတီတိုင်း ဒေသကြီး	တနင်္သာရီတိုင်း ဒေသကြီး	ကချင် ပြည်နယ်	ကယား ပြည်နယ်	ကရင် ပြည်နယ်	ဗွန် ပြည်နယ်	ရှမ်းပြည်နယ် (မြောက်)	ရှမ်းပြည်နယ် (အရှေ့)
		ရေတွက်ပုံ	တစ်ယူနစ် ပမာဏ														
စပါး(အဓိကသီးနှံ)																	
၁	မနောသုခ	တင်း	၄၆ ပေါင်	၁၈,၅၀၀	၁၈,၀၀၀	၁၈,၀၀၀	၁၆,၀၀၀	၁၆,၅၀၀	၁၂,၀၀၀	၁၈,၀၀၀	၁၇,၀၀၀			၁၅,၀၀၀	၁၆,၅၀၀		
၂	ဆင်းသုခ	တင်း	၄၆ ပေါင်	၁၈,၅၀၀	၁၈,၀၀၀	၁၄,၅၀၀	၁၅,၅၀၀	၁၆,၅၀၀	၁၃,၀၀၀	၁၈,၀၀၀	၁၇,၂၀၀			၁၅,၀၀၀	၁၆,၅၀၀		
၃	ဇရာမင်း	တင်း	၄၆ ပေါင်	၂၁,၀၀၀	၁၉,၀၀၀	၂၆,၅၀၀	၁၈,၈၀၀	၁၇,၅၀၀	၁၉,၀၀၀	၁၉,၀၀၀	၁၇,၅၀၀				၁၈,၀၀၀		
၄	ပေါ်ဆန်းမွေး	တင်း	၄၆ ပေါင်	၂၄,၀၀၀	၂၁,၀၀၀	၂၈,၅၀၀		၂၇,၅၀၀	၂၄,၀၀၀		၁၉,၀၀၀				၂၇,၀၀၀		
နှံစားသီးနှံ																	
၅	အစေ့ထုတ်ပြောင်း	တင်း	၁၈ ဖိသာ			၁၉,၀၀၀	၂၁,၀၀၀	၃၃,၀၀၀	၁၉,၀၀၀	၂၃,၀၀၀		၁၈,၀၀၀	၁၆,၅၀၀			၁၅,၀၀၀	၁၈,၀၀၀
ပဲမျိုးစုံ																	
၆	မတ်ပဲ	တင်း	၁၉.၄၄ ဖိသာ	၇၃,၀၀၀	၇၈,၀၀၀	၈၂,၀၀၀	၉၀,၀၀၀	၇၄,၀၀၀	၇၀,၀၀၀	၇၀,၀၀၀	၇၀,၅၀၀	၆၈,၀၀၀	၇၀,၀၀၀	၇၂,၀၀၀	၆၅,၀၀၀		၅၀,၀၀၀
၇	ပဲတီစိမ်း	တင်း	၁၉.၄၄ ဖိသာ	၆၂,၀၀၀	၇၄,၀၀၀	၅၆,၅၀၀	၅၅,၅၀၀	၆၅,၀၀၀	၆၆,၀၀၀	၅၈,၀၀၀	၅၇,၀၀၀	၅၃,၀၀၀	၄၄,၀၀၀	၇၃,၀၀၀	၆၀,၀၀၀		၆၀,၀၀၀
၈	ပဲစဉ်းငုံ	တင်း	၁၉.၄၄ ဖိသာ				၁၀၂,၀၀၀	၆၄,၀၀၀	၈၀,၀၀၀	၅၈,၀၀၀	၈၁,၀၀၀	၅၃,၀၀၀	၇၂,၀၀၀				၆၅,၀၀၀
၉	ကုလားပဲ (လုံးသေး)	တင်း	၁၈.၆၃ ဖိသာ				၈၇,၅၀၀	၆၆,၀၀၀	၇၀,၀၀၀	၄၅,၀၀၀			၆၈,၀၀၀	၈၀,၀၀၀			
၁၀	ကုလားပဲ (လုံးကြီး)	တင်း	၁၈.၆၃ ဖိသာ	၆၅,၀၀၀		၉၀,၀၀၀	၈၈,၅၀၀	၆၉,၀၀၀	၇၅,၀၀၀	၄၇,၀၀၀							၇၅,၀၀၀
၁၁	ကုလားပဲ (ခြမ်း)	ဖိသာ			၆,၀၀၀	၅,၅၀၀	၆,၆၀၀	၇,၅၀၀	၆,၅၀၀	၅,၆၀၀	၆,၀၀၀		၅,၀၀၀	၅,၀၀၀		၄,၅၀၀	၇,၀၀၀
၁၂	ပဲပုတ်	တင်း	၁၉.၄၄ ဖိသာ			၄၈,၀၀၀	၄၉,၀၀၀	၇၅,၀၀၀	၅၄,၀၀၀			၅၃,၀၀၀		၇၆,၀၀၀	၅၃,၀၀၀	၅၀,၀၀၀	၆၀,၀၀၀
ဆီထွက်																	
၁၃	နှမ်းနက်	တင်း	၁၄.၈၅ ဖိသာ	၉၀,၀၀၀		၁၁၀,၀၀၀	၉၆,၆၀၀	၈၆,၀၀၀	၉၀,၀၀၀	၆၇,၀၀၀	၈၉,၅၀၀	၉၃,၀၀၀	၇၁,၀၀၀		၉၅,၀၀၀	၈၀,၀၀၀	၈၀,၀၀၀
၁၄	နှမ်းနီ	တင်း	၁၄.၈၅ ဖိသာ				၈၆,၀၀၀	၈၅,၀၀၀	၈၀,၀၀၀				၆၈,၀၀၀				
၁၅	နှမ်းဖြူ	တင်း	၁၄.၈၅ ဖိသာ			၁၁၅,၀၀၀	၉၇,၀၀၀	၈၅,၀၀၀	၁၀၃,၀၀၀								
၁၆	မြေပဲ(အဆန်)	ဖိသာ		၇,၅၀၀	၇,၀၀၀	၇,၅၀၀	၆,၇၀၀	၇,၀၀၀	၇,၂၀၀	၈,၀၀၀	၆,၉၀၀	၆,၀၀၀	၅,၅၀၀		၈,၀၀၀	၆,၅၀၀	၇,၀၀၀
၁၇	မြေပဲ(အတောင့်)	တင်း	၆.၇၅ ဖိသာ		၃၀,၀၀၀	၂၅,၀၀၀		၃၀,၀၀၀	၄၇,၀၀၀			၂၄,၀၀၀	၂၃,၀၀၀		၂၇,၀၀၀		၂၅,၀၀၀
၁၈	နေကြာ	တင်း	၈.၆၄ ဖိသာ			၃၄,၀၀၀	၄၁,၀၀၀	၃၉,၀၀၀	၄၈,၀၀၀	၃၅,၀၀၀			၂၇,၀၀၀			၂၂,၀၀၀	၃၅,၀၀၀
စက်မှုကုန်ကြမ်းသီးနှံ																	
၁၉	ဝါ(ချည်မျှင်တို)	ဖိသာ				၂,၃၀၀		၂,၀၀၀	၂,၆၀၀								
၂၀	ဝါ(ချည်မျှင်ရှည်)	ဖိသာ		၃,၅၀၀		၂,၆၀၀	၃,၀၀၀	၃,၀၀၀	၂,၉၀၀								
၂၁	ချက်ကြံ	တန်		၈၅,၀၀၀				၇၀,၀၀၀						၆၂,၀၀၀	၅၅,၀၀၀	၈၀,၀၀၀	
၂၂	စားကြံ	တန်									၁၃၇,၈၅၀						
ဆန်																	
၂၃	မနောသုခ(ဆန်)	အိတ်	၃၀ ဖိသာ	၆၅,၀၀၀	၇၀,၀၀၀	၈၀,၀၀၀	၇၆,၀၀၀	၆၈,၀၀၀	၇၄,၀၀၀	၆၅,၀၀၀	၆၅,၀၀၀			၇၀,၀၀၀	၆၀,၀၀၀	၁၀၀,၀၀၀	၈၀,၀၀၀
၂၄	ဆင်းသုခ(ဆန်)	အိတ်	၃၀ ဖိသာ	၆၅,၀၀၀	၇၀,၀၀၀		၇၆,၀၀၀	၆၈,၀၀၀	၇၆,၈၀၀	၆၅,၀၀၀	၆၅,၆၅၀			၇၀,၀၀၀	၆၀,၀၀၀		
၂၅	ဇရာမင်း(ဆန်)	အိတ်	၃၀ ဖိသာ	၉၀,၀၀၀	၇၅,၀၀၀	၉၅,၀၀၀	၇၅,၀၀၀	၇၆,၀၀၀	၁၀၄,၀၀၀	၆၆,၀၀၀	၇၆,၆၅၀					၁၀၅,၀၀၀	
၂၆	ပေါ်ဆန်းမွေး(ဆန်)	အိတ်	၃၀ ဖိသာ	၁၁၀,၀၀၀	၈၀,၀၀၀	၁၂၂,၀၀၀	၉၅,၀၀၀	၁၀၅,၀၀၀	၁၂၅,၀၀၀		၉၃,၈၅၀			၁၁၀,၀၀၀	၁၀၀,၀၀၀		၁၁၀,၀၀၀
စားဖိုဆောင်သီးနှံ																	
၂၇	ကြက်သွန်နီ(အကြီး)	ဖိသာ		၃,၀၀၀	၂,၂၀၀	၂,၈၀၀	၁,၈၀၀	၃,၅၀၀	၂၅,၀၀၀	၂,၅၀၀	၂,၈၀၀	၂,၀၀၀	၂,၅၀၀		၂,၅၀၀	၃,၅၀၀	၂,၀၀၀
၂၈	ကြက်သွန်နီ(အလတ်)	ဖိသာ		၃,၀၀၀	၁,၉၀၀	၂,၅၀၀	၁,၅၀၀	၂,၈၀၀	၂,၃၀၀	၂,၂၀၀	၂,၅၅၀	၁,၅၀၀	၂,၀၀၀	၂,၈၀၀	၂,၄၀၀	၂,၅၀၀	၁,၅၀၀
၂၉	ကြက်သွန်နီ(အသေး)	ဖိသာ		၁,၈၀၀	၁,၇၀၀	၂,၄၀၀	၁,၂၀၀	၂,၀၀၀	၂,၀၀၀	၁,၈၀၀	၂,၅၅၀	၁,၀၀၀	၁,၅၀၀	၂,၅၀၀	၁,၈၀၀		၁,၀၀၀
၃၀	ကြက်သွန်ဖြူ(ဗမာ)	ဖိသာ		၆,၀၀၀	၆,၀၀၀	၅,၅၀၀	၄,၀၀၀	၅,၀၀၀	၆,၈၀၀	၅,၅၀၀	၅,၉၀၀	၄,၅၀၀	၅,၅၀၀	၇,၅၀၀	၆,၅၀၀		၄,၀၀၀
၃၁	ကြက်သွန်ဖြူ(ရှမ်း)	ဖိသာ		၇,၀၀၀	၆,၀၀၀	၆,၅၀၀	၅,၀၀၀	၅,၅၀၀	၆,၃၀၀	၄,၆၀၀	၄,၉၀၀	၅,၀၀၀	၄,၀၀၀	၈,၀၀၀	၆,၀၀၀	၄,၀၀၀	၂,၅၀၀
၃၂	ကြက်သွန်ဖြူ(ကြူကုတ်)	ဖိသာ			၆,၈၀၀	၅,၀၀၀		၆,၅၀၀	၆,၅၀၀		၇,၅၀၀	၇,၀၀၀				၄,၅၀၀	
၃၃	ငရုတ်အစိုး(ရှည်)	ဖိသာ		၃,၅၀၀	၄,၅၀၀	၁၀,၀၀၀	၁၀,၀၀၀	၄,၀၀၀			၈,၁၀၀	၄,၀၀၀	၇,၅၀၀	၇,၅၀၀	၂,၅၀၀		၁၀,၀၀၀
၃၄	ငရုတ်အစိုး(ပွ)	ဖိသာ			၃,၀၀၀	၁၁,၅၀၀	၁၀,၀၀၀	၄,၀၀၀			၁၆,၅၀၀				၃,၅၀၀	၁,၃၀၀	
၃၅	ငရုတ်အစိုး(ဝီနန်)	ဖိသာ		၁၅,၀၀၀		၂၇,၀၀၀	၁၆,၀၀၀	၂၀,၀၀၀				၁၅,၀၀၀				၁၂,၀၀၀	
၃၆	ငရုတ်အခြောက်(ရှည်)	ဖိသာ		၁၈,၀၀၀	၁၂,၀၀၀	၂၇,၅၀၀	၁၇,၀၀၀	၁၂,၀၀၀		၁၅,၀၀၀	၁၄,၃၀၀		၁၉,၀၀၀	၁၈,၀၀၀	၁၂,၀၀၀		၁၈,၀၀၀
၃၇	ငရုတ်အခြောက်(ပွ)	ဖိသာ			၁၄,၀၀၀	၂၆,၀၀၀	၁၇,၀၀၀	၉,၀၀၀		၁၉,၅၀၀	၁၇,၀၀၀				၁၅,၀၀၀		
၃၈	ငရုတ်အခြောက်(ဝီနန်)	ဖိသာ					၁၉,၅၀၀	၂,၃၀၀			၁၄,၀၀၀	၂၈,၀၀၀				၁၃,၀၀၀	
၃၉	ခရမ်းချဉ်(ဗမာ)	ဖိသာ		၁,၈၀၀		၁,၄၅၀	၁,၂၀၀	၂,၄၀၀		၃,၀၀၀	၂,၉၀၀	၁,၅၀၀			၁,၈၀၀		၃,၀၀၀
၄၀	ခရမ်းချဉ်(ရှမ်း)	ဖိသာ		၁,၃၀၀	၁,၃၀၀	၁,၂၅၀	၁,၄၀၀			၂,၅၀၀	၃,၂၀၀		၁,၃၀၀	၁,၅၀၀	၁,၈၀၀	၁,၈၀၀	၂,၀၀၀
၄၁	အာလူး	ဖိသာ		၂,၂၀၀	၂,၅၀၀	၂,၉၀၀	၂,၅၀၀	၂,၅၀၀		၂,၀၀၀	၃,၅၅၀	၂,၀၀၀	၂,၃၀၀	၂,၅၀၀	၂,၃၀၀	၂,၅၀၀	၂,၅၀၀
ဆီ																	
၄၂	မြေပဲဆီ	ဖိသာ		၁၅,၀၀၀	၁၄,၀၀၀	၁၅,၀၀၀	၁၃,၀၀၀	၁၃,၀၀၀	၁၃,၀၀၀	၁၄,၀၀၀	၁၁,၈၀၀	၁၃,၀၀၀	၁၃,၀၀၀	၁၅,၀၀၀	၁၇,၀၀၀	၁၄,၀၀၀	၁၈,၀၀၀
၄၃	နှမ်းဆီ	ဖိသာ		၁၄,၀၀၀		၁၁,၅၀၀	၁၀,၀၀၀	၁၁,၅၀၀	၁၁,၅၀၀		၁၁,၀၀၀		၁၀,၀၀၀	၁၅,၀၀၀	၁၄,၀၀၀		
၄၄	နေကြာဆီ	ဖိသာ		၁၃,၀၀၀	၁၂,၅၀၀	၁၀,၅၀၀		၁၃,၀၀၀	၁၁,၅၀၀	၁၅,၀၀၀	၁၀,၁၅၀	၁၆,၀၀၀	၁၃,၀၀၀		၁၂,၀၀၀	၁၃,၀၀၀	၁၄,၅၀၀
၄၅	ပဲပုတ်ဆီ	ဖိသာ		၇,၁၀၀							၈,၃၀၀			၁၀,၀၀၀	၁၀,၀၀၀		၁၀,၅၀၀
၄၆	စားအုန်းဆီ	ဖိသာ		၆,၅၀၀	၆,၄၀၀	၆,၀၀၀	၆,၇၀၀	၆,၃၀၀	၆,၅၀၀	၇,၀၀၀	၇,၃၅၀	၈,၀၀၀	၉,၅၀၀	၇,၀၀၀	၆,၀၀၀		
၄၇	ဝါစေ့ဆီ	ဖိသာ				၆,၀၀၀											

စာ-၁၀ ပြည်တွင်းစားသုံးဆီ မှ

တစ်ဧက တစ်တင်း မှ သုံးတင်းနှုန်း ထည့်ပေးရပါမည်။ လချေးမှုန့် ၆ ရာခိုင်နှုန်း မှ ၉ ရာခိုင်နှုန်း၊ တစ်ဧက ၂၀၀ ပေါင် မှ ၂၅၀ ပေါင်နှုန်း အပင် သက်တမ်း ၄၅ ရက်သားခန့်တွင် အစိုဓာတ် ရှိစဉ် အပင်ခြေအရောက် ထည့်ပေးရပါမည်။

ဓာတ်မြေဩဇာကို ယူရီးယား တစ်ဧက ၂၈ ပေါင်၊ တီစူပါ ၈၄ ပေါင်မှ ၁၀၀ ပေါင်နှင့် ပိုတက်ရှိမြေဩဇာ ၂၈ ပေါင်မှ ၃၃ ပေါင်တို့ကို စိုက်ထွန်ရေး ပြင်ချိန်တွင် ထည့်ပေးရပါမည်။ မြေအချဉ် အင်္ဂါတ် ၅ မှ ၅ ဒသမ ၅ အတွင်းရှိ မြေများတွင် ဇီဝစူပါ ရွက်ဖျန်းမြေဩဇာကို သုံးကြိမ် မှ ငါးကြိမ်အထိ ပက်ဖျန်းပေးပါ။

ဆောင်းမြေပဲတွင် အပင်ငယ်စဉ် ရွက်လိပ် ရွက်ကပ်ပိုးများ ကျရောက်တတ်ပြီး၊ မိုးမြေပဲတွင် အပင်ငယ်စဉ် ဖိုးလမင်းကျိုင်းနှင့် ချများ ကျရောက်တတ်ပါသည်။

ဆောင်းမြေပဲတွင် ငမြှောင်တောင်နှင့် ရွက်စုံစား ခူများလည်း ကျရောက်တတ်ပါသည်။ ၄င်းပိုးများကို နှိမ်နင်းရန် မြေပဲခင်းများတွင် ၄က်နားတိုင်များ စိုက်ပေးပါက ၄က်များက ဖျက်ပိုးများကို စားသောက်ဖျက်ဆီးပစ်ပါမည်။ ထိသေ၊ စားသေ ပင်လုံးပြန့် ပိုးသတ်ဆေးတို့ကို GAP နည်းစနစ်ဖြင့် ပက်ဖျန်းကာကွယ်နှိမ်နင်းပါ။

မြေပဲပင်များ ငယ်စဉ်တွင် ကျရောက်တတ်သော အမြစ်ပုပ်၊ ခါးရိ၊ အစေ့ပုပ် ရောဂါများအတွက် ကာကွယ်နိုင်ရန် မှိုသတ်ဆေးများကို၊ မျိုးစေ့နှင့်လူးနယ်စိုက်ပါ။ ရွက်ပြောက်ရောဂါ ကျရောက်မှုများသော ဒေသများတွင် ပန်းမပွင့်မီ ကျရောက်ပါက ပင်လုံးပြန့်မှိုသတ်ဆေးကို အသုံးပြုကာကွယ်နှိမ်နင်းပါ။ မြေပဲပင် ၄၂ ရက်သားမတိုင်မီ ပေါင်းမြက်ကင်းစင်ရေး အထူးဆောင်ရွက်ပါ။

၇၀ ရာခိုင်နှုန်း မြေပဲတောင့်များ ရင့်မှည့်ချိန်တွင်၊ နှုတ်သိမ်းပါ။ မျိုးမြေပဲ နှုတ်သိမ်းရာတွင် ရေသွင်း၍ မနှုတ်သိမ်းရပါ။ မျိုးမြေပဲကို တိုက်ရိုက် နေရောင်အောက်တွင် မလှန်းသင့်ပါ။ အရိပ်အသင့်အတင့် ရှိသော နေရာတွင် ခပ်ပါးပါးဖြန့်၍ လှန်းပါ။ အခြောက်ခံပါ။ မြေပဲသိုလှောင်ရာတွင် အစိုဓာတ် ၆ ရာခိုင်နှုန်း မှ ၉ ရာခိုင်နှုန်းထိ လျှော့ချသိုလှောင်ပါ။ ဤသို့ မျိုးမြေပဲကို နုတ်သိမ်းသိုလှောင်ပြီး စားဆီအတွက် မြေပဲများကိုလည်း စနစ်တကျသန့်စင်ပြီး စားသုံးသူများ ဘေးအန္တရာယ်ကင်းအောင် နုတ်သိမ်း၊ အခြောက်လှန်း မြေပဲဆန်ထုတ်၍ လည်းကောင်း၊ အတောင့်လိုက် လည်းကောင်း ရောင်းချနိုင်ပါသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် မြေပဲသီးနှံ အထွက်ကောင်းရန် စိုက်နည်းစနစ် မှန်ကန်စွာ ဆောင်ရွက်ပါက ပန်းတိုင် အထွက်နှုန်း ရရှိလာမည် ဖြစ်ပါသည်။

လှဆန်း (စိုက်ပျိုးရေး)

စာ-၁၂ ဇရစ်ပင် မှ

ဆောင်ရွက်မှုများကို အားကောင်းစေခြင်း၊ ကိုယ်လက်ရောင်နာ ဖြစ်ခြင်း၊ ကပ်ပါးကောင်များကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများကို သက်သာစေနိုင်ခြင်းနှင့် ကိုယ်တွင်းလင့်ဖ်ဖု များတွင် အဖုအကြိတ်များ ဖြစ်ပွားကြီးထွားခြင်းတို့ကို ဟန့်တားပေးနိုင်စွမ်းရှိ၏။

ယခုလိုမိုးရာသီတွင် ဇရစ်ဖူး၊ ဇရစ်ရိုးတို့ လှိုင်လှိုင် ပေါသည့်ကာလဖြစ်သည့်အလျောက် စျေးထဲတွင် အလွယ်တကူဝယ်ယူနိုင်၏။ သဘာဝအလျှောက် အလေ့ကျပေါက်သည့်အပင်ဖြစ်သည့်အတွက် ကျေးလက်ဒေသ၏ အဓိကထွက်ကုန်ရာသီစာ ဟင်းရွက်တစ်မျိုးဖြစ်၏။ အာဟာရတန်ဖိုးမြင့်မားပြီး ဆေးဖက်ဝင်လှသည့် ဇရစ်ရိုး၊ ရွက်နှုန့်နှင့် ဇရစ်ဖူးတို့ကို နည်းမျိုးစုံချက်ပြုတ်စားသောက်ကြ၏။

ဇရစ်ပင်တွင် oxalate crystals ပါဝင်သည့်အတွက် အာခေါင်နှင့်လျှာများယားခြင်းမှ သက်သာစေရန် ချက်ပြုတ်ခြင်းမပြုမီ ဇရစ်ရိုးတံကို ဓားပြားရိုက်ပြီး နှစ်သက်သည့် အရွယ်အစား ချိုးဖြတ်ပေးပါ။ ပြီးလျှင် ဆားထည့်၊ သမအောင်နယ်ပြီးလျှင် ရေနှင့်အနည်းဆုံး သုံးကြိမ်ခန့် ဆေးကြော သန့်စင်ပြီးမှသာ ဟင်းလျာများ ချက်ပြုတ်ရန် အသုံးပြုသင့်၏။ ယင်းသို့ပြုလုပ်ပေးခြင်းဖြင့် ဇရစ်ရိုးများ ပိုနူးညံ့ လာခြင်း၊ အမျှင်များကိုလည်း ဖယ်ရှားသန့်စင်ပြီးအနေအထား ဖြစ်သည့်အတွက် ချက်ပြုတ်ရာတွင် လွယ်ကူအဆင်ပြေစေ၏။ ဇရစ်ရွက်များကိုမူ သီးသန့်ဆားရေလေးနှင့်ဆေးပြီး အသုံးပြုနိုင်၏။

- ဇရစ်ရိုးနှုန့်နှင့် အရွက်၊ အဖူးတို့ကို သန့်စင်အောင် ဆေးကြောပြီးနောက် မန်ကျည်းသီးမှည့်၊ ဆားအနည်းငယ် တို့နှင့်အတူ ရေနွေးပွက်ပွက်ဆူတွင်ထည့်ပြုတ်ပြီးနောက် ဆယ်ယူထားပါ။ ထို့နောက် အတို့အမြှုပ်အဖြစ် ငပိရည်ကျို၊ ငပိထောင်း၊ ခရမ်းချဉ်သီးထောင်း၊ ငရုတ်သီးထောင်းတို့နှင့် တွဲဖက်သုံးဆောင်နိုင်၏။

- ဇရစ်ရိုးပြုတ်ကို ရေစင်အောင်ညစ်ပြီးလျှင် နှစ်သက်သလိုလီးဖြတ်ပြီးနောက် ကြက်သွန်နီပါးပါးလီး၊ ကြက်သွန်ဆီ ချက်၊ ပဲအကျက်မှုန့်၊ မြေပဲလှော်မှုန့်၊ ငရုတ်သီးကျက်မှုန့်၊ ဆား၊ နှမ်းလှော်တို့နှင့်အတူရောပြီး သံပရာရည်အနည်းငယ် ညှစ်ထည့်ကာ သတ်သတ်လွတ်အသုပ်အဖြစ် ပြင်ဆင်စားသုံးနိုင်၏။ သက်သတ်လွတ် စားသုံးသူမဟုတ်ပါက ငံပြာရည်နှင့် ပုစွန်ခြောက်မှုန့်တို့ ထပ်လောင်းဖြည့်စွက်ပြီး သုပ်စားနိုင်၏။ အသုပ်ဟူသည် နှုတ်ကိုမြိန်စေသကဲ့သို့ ထမင်းဝိုင်းတွင်လည်း ဟင်းလျာတစ်မျိုးတိုးစေ၏။ နေ့ခင်းဘက် အဆာပြေစာ အဖြစ်လည်း ထမင်းဖြူ၊ ရေနွေးကြမ်းတို့နှင့်အတူတွဲဖက်သုံးဆောင်နိုင်၏။

- ဇရစ်ကို သန့်စင်အောင်ရေဆေးပြီး တစ်နေ့တာ လေသလပ်ခံထားပါ။ အအေးခံထားသော ထမင်းရည်ထဲတွင် ဆားနှင့် နနွင်းမှုန့်အနည်းငယ်ထည့်ကာ သမအောင်မွှေပြီး ပုလင်းသန့်သန့်ထဲတွင် ဇရစ်များကို စီစီရီရီထည့်ပါ။ ပြီးလျှင် ဇရစ်ရိုးများမြုပ်သည်အထိ ထမင်းရည်များကို

အပေါ်ကနေ လောင်းထည့်ပါ။ ပုလင်းအပြည့်မထည့်ရပါ။ ဇရစ်ရိုးများအပေါ်သို့ ကြွတက်မလာစေရန် အပေါ်ဘက်တွင် ၄က်ပျောရွက် သို့မဟုတ် ဝါးတူလေးများကိုချိုးပြီး ကန့်လန့်ဖြတ် ခပ်စိပ်စိပ်အုပ်ပေးပြီး အဖုံးလုံအောင်ပိတ်ထားပါ။ မီးဖိုခန်းထဲတွင် အနည်းဆုံး သုံးရက်ခန့်ထားပေးပါ။ နောက်ရက်တွင် ချဉ်နံ့မွှေးမွှေးနှင့် ခပ်ထွေးထွေး ဇရစ်ရိုးလေးတွေကို တို့စရာအဖြစ်လည်းကောင်း၊ ပါးပါးလီးကာ ပဲကြာဆန်၊ အာလူးပြုတ်တို့နှင့်ရောပြီး ဆီချက်၊ ကြက်သွန်စိမ်းတို့ ထည့်ကာ အသုပ်အဖြစ်လည်းကောင်း၊ မထူမပါးလီးပြီး မှုန့်၊ ကစော့ခါးသီးတို့နှင့် ရောကြော်၍လည်းကောင်း ချက်စားနိုင်၏။

- ဝသန်ကာလ မိုးဦးကျချိန် လှိုင်လှိုင်ပေါ်သည့် ဇရစ်ရိုးကို အခြားသော အချဉ်အရသာရှိသည့် အရွက်များ ဖြစ်သည့် ချဉ်ပေါင်၊ မန်ကျည်းရွက်၊ ကင်ပွန်းရွက်တို့နှင့် လည်းကောင်း၊ ကန်ဇွန်းရိုးနီ၊ မုန်လာတို့နှင့်လည်းကောင်း နှစ်သက်ရာဟင်းအခတ်များဖြစ်သည့် ငါး/ ပုစွန်/ ငါးခြောက်/ ပုစွန်ခြောက်/ကဏန်းလုံး အစရှိသည်တို့နှင့်ရောပြီး ဟင်းလှော်၊ ချဉ်ရည်ဟင်း၊ ကြော်ချက်၊ စပ်ချဉ်ချက်မျိုးစုံအောင် ချက်ပြုတ် စားသောက်တတ်ကြ၏။ ထမင်းမြိန်ပြီး ဆေးဖက်ဝင်သည့် ရာသီပေါ်ဟင်းသီးဟင်းရွက်ဟင်းလျာမို့ တန်ဖိုးထားပြီး စားတတ်ကြ၏။

- သန့်စင်ထားသည့် ဇရစ်ရိုးနှင့် အရွက်နုတို့ကို စိမ်းစားငပိ၊ မိုးမျှော်ငရုတ်သီး၊ မရန်းပြားတို့နှင့်အတူ ပုစွန်/ ပုစွန်ခြောက်ခပ်ကာ မွန်တိုင်းရင်းသားတို့၏ ရိုးရာဟင်းတစ်မယ် ချက်စားကြည့်စေလို၏။

လိုအပ်သည့်ပစ္စည်းများမှာ သန့်စင်ထားသည့် ဇရစ်ရိုး နှင့်အရွက်၊ မည်ကတည်ကော်ထားသော ကြက်သွန်ဖြူ၊ နီ၊ မိုးမျှော်ငရုတ်သီး၊ ထုံးချည်ထားသော စပါးလင်တစ်ပင်၊ ငပိစိမ်းစားအနည်းငယ်၊ ရေနွေးစိမ်ထားသော မရန်းပြားခြောက်အနည်းငယ်၊ ဆီအနည်းငယ်၊ ဆား၊ ဟင်းခတ်မှုန့် အနည်းတို့ပါ။

- အားလုံးအသင့်ဖြစ်လျှင် မိမိချက်လိုသည့်အိုး/ ဒယ်အိုးထဲသို့ အထက်တွင်ဖော်ပြထားသည့် ပစ္စည်းများကို ထည့်ပြီးနှံ့အောင်နယ်ပေးပါ။ ပြီးလျှင် ရေနွေးအနည်းငယ် ထည့်၊ အဖုံးအုပ်ပြီး မီးဖိုပေါ်တင်ကာ လုံးချက်လေး ချက်ပေးပါ။ ဟင်းအိုးဖျစ်ဖျစ်မြည်လာလျှင် သမအောင်မွှေ၊ ရေနွေးလိုသလောက်ထပ်ထည့်ပြီး တည်ပါ။ ပွက်ပွက်ဆူလာလျှင် အပေါ့အငန်မြည်းကာ အရသာညှိပြီး နံနံပင်/ရှမ်းနံနံ/ ပင်စိမ်း စသည့်ဟင်းခပ် အမွှေးအကြိုင်တို့ကို အုပ်ပါ။ ချဉ်ငံစပ်အရသာနှင့်အတူ သင်းပျံ့မွှေးကြိုင်နေသည့် မွန်ရိုးရာ ဇရစ်ရိုးဟင်းလေးတစ်မယ် ရပါပြီ။ သောက်ဆမ်းလေး ချက်ထားတာမို့ ထမင်းပေါ်ဆမ်းပြီးစားစား၊ သူ့ချည်းသက်သက်သောက် မိုးအေးအေးနှင့် အလွန်လိုက်ဖက်ပြီး ဆေးဖက်ဝင်လှ၏။

- ဇရစ်ကို ဆူးပုပ်ရွက်/ မျှစ်စို့ပေါက်/ ခရမ်းသီး/ ကစော့ခါးသီးအပါအဝင် ရာသီပေါ်ဟင်းသီးဟင်းရွက်တို့နှင့်အတူရောပြီး ဟင်းလှော်၊ ကြော်ချက် စသဖြင့် နှစ်သက်သလို ချက်စားနိုင်၏။

- အိမ်နီးချင်းနိုင်ငံများတွင် ဇရစ်ရိုး၊ ရွက်နုတို့သာ မကဘဲ အာဟာရတန်ဖိုး ပိုမြင့်မားစွာ ပါဝင်သည့် ဇရစ်ဥမြစ်ကိုလည်း ဟင်းလျာအဖြစ် မျိုးစုံချက်ပြုတ်ကြော်လှော် စားသုံးတတ်ကြ၏။

- သီရိလင်္ကာနိုင်ငံတွင် ဇရစ်ရိုး၊ ရွက်နုနှင့် ဥမြစ်များကို အုန်းနို့ထည့်ပြီး ချက်ပြုတ်ကာ အာဟာရဖြည့် ဟင်းလျာအဖြစ် ထမင်းနှင့်အတူ တွဲဖက်သုံးဆောင်ကြ၏။ ဇရစ်ဥမြစ်များကို ကြိတ်ကာ အာဟာရဖြည့်ဖျော်ရည်အဖြစ် သောက်သုံးကြ၏။

- ဇရစ်ဥမြစ်ကို အားဖြည့်အာဟာရအနေဖြင့် ပြုတ်စားကြသလို ဥမြစ်အစိမ်းကို ငရုတ်သီးထောင်းပြုလုပ်ရာတွင်လည်း ထည့်သွင်းစားသုံးကြ၏။

- ဇရစ်ဥမြစ်ကို ပါးပါးလီးပြီး ထောင်းကာ မထူမပါး အပြားအကြော်လေးလည်း ကြော်စားတတ်ကြ၏။

- ဇရစ်ဥမြစ်ကို ချက်ပြုတ်ခြင်းမပြုမီ ဆားရေထဲတွင် စိမ်ထားခြင်းဖြင့် ပိုမိုနူးညံ့စေပြီး အကျက်မြန်စေ၏။ အခြားသော အသားများနှင့်အတူ အကင်ပြုလုပ် စားသောက်မည်ဆိုပါက ဥမြစ်ကို ရေနွေးငွေ့ဖြင့် ၁၀ မိနစ်ခန့် ဦးစွာ ပေါင်းပြီးမှ အသုံးပြုသင့်၏။

ယခုလို မိုးရာသီတွင် ဇရစ်ဥမြစ် ရရှိခဲ့ပါက ဥမြစ်လေးများကို အစိုများပြီး ရှဉ့်နွံစိမ့်ရှိသောနေရာတွင် မြှုပ်ထားပြီး စိုက်ပျိုးထားနိုင်၏။ ထွက်ရှိလာသည့် ဇရစ်စို့ပေါက်လေးများကို နုစဉ်အချိန် ခူးဆွတ်ပြီး လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသောက်နိုင်၏။

သဘာဝတရား၏ လက်ဆောင်မွန် ဇရစ်ပင်မှ ရရှိသည့်အစိတ်အပိုင်းများကို ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ချက်ပြုတ်စားသုံးရင်း ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

ရေထွက်ကုန်များ ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်နိုင်ရေး တိုးမြှင့်မည်

ပြည်တွင်းရေထွက်ကုန် ပစ္စည်းများ ထုတ်လုပ်ရာတွင် ဖမ်းဆီးထုတ်လုပ်ခြင်းထက် ပိုမို မွေးမြူထုတ်လုပ်တင်ပို့နိုင်ရေး ပြောင်းလဲလုပ်ကိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၉ ရက်က ပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယခု ၂၀၂၃-၂၀၂၄ ခုနှစ်တွင် လယ်ယာကဏ္ဍ၏ ဂျီဒီပီ တိုးတက်မှုနှုန်းကို ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍက ၂ ဒသမ ၅ ရာခိုင်နှုန်း၊ သားငါးကဏ္ဍက ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ဧပြီ ၁ ရက်မှ မေ ၁၂ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု ကန်ဒေါ်လာ ၄၀ ဒသမ ၉၈ သန်းကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနစာရင်းများအရ သိရသည်။

ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများကတစ်ဆင့် တင်ပို့နေသော်လည်း ကိုဗစ်-၁၉ ရောဂါကာလ မတိုင်မီ အခြေအနေကဲ့သို့ ပြန်လည်တင်နိုင်ခြင်း မရှိသောကြောင့် ပြီးခဲ့သည့် ကာလတူဘဏ္ဍာရေးနှစ် တင်ပို့မှုမှရရှိသော ကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်းကျော်ထက် လျော့နည်းလျက် ရှိသည်။

မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့် ဥရောပနိုင်ငံများအပါအဝင် တရုတ်၊ ထိုင်းအိမ်နီးချင်းနိုင်ငံများသို့ မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်နှင့် မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းများကလည်း ငါး၊ ပုစွန်နှင့် ကဏန်းစသည့် ရေထွက်ကုန်များကို တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် မွေးမြူသည့် ကန်ပေါင်း ၄၈၀၀၀ ခန့်ရှိပြီး အအေးခန်းသိုလှောင်ရုံ ပေါင်း ၁၂၀ ကျော်ရှိကာ ပြည်ပသို့ ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ငါးတန်စသည့် ငါးအမျိုးအစား ၂၀ ကျော် တင်ပို့လျက် ရှိသည်။ **ဇော်လေး**

မွေးမြူရေးထုတ်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်မှု သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇွန် ၂၂

မွေးမြူရေးထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်မှု သင်တန်းများကို ယခုနှစ်အတွင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ နို့နှင့်နို့ထွက် ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နွားမွေးမြူရေးလုပ်ငန်းများက နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်ကာ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်နိုင်ရန် သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်သည်။

သင်တန်းသားများကို ၂၀၂၃ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာတို့တွင် ခေါ်ယူသွားမည်ဖြစ်ပြီး သင်တန်းတွင် ခရင်မ်၊ ဒိန်ချဉ်အမျိုးမျိုးနှင့် ရေခဲမုန့်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ချီစ် (cheese) အမျိုးမျိုး ထုတ်လုပ်ခြင်း၊ နို့ဆီ၊ နို့စိမ်းထုတ်လုပ်ခြင်း၊ နို့ကိုအသုံးပြု၍ အလှကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် နို့ကို အဓိကအသုံးပြုသည့် ကော်ဖီအမျိုးမျိုးပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိမိတို့နှင့် သင့်လျော်သည့်ထုတ်ကုန်အမည်သစ် စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ကာ လက်တွေ့ဆောင်ရွက်ခြင်း၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ (အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်း) များ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များသို့ ကွင်းဆင်းလေ့လာခြင်းများကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ZLH**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မွေးမြူရေးဇုန် တည်ထောင်မည်

နေပြည်တော် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံလှကျေးရွာအနီး မွေးမြူရေးဇုန်တစ်ခု တည်ထောင်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မွေးမြူရေးဇုန်တွင် ရေရရှိရေးလုပ်ငန်းများ၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးနိုင်မှုနှင့် ခြံလှောင်စနစ်ဖြင့် မွေးမြူနိုင်ရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုများ၊ တစ်အုပ်တစ်မ မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းအထိ မျှော်မှန်းပြီး ဆက်စပ်ဆောင်ရွက်ဖွယ်ရာများ စနစ်တကျဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ မွေးမြူရေးဇုန် တည်ထောင်မည့်မြေနေရာကို ဇွန် ၁၆ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ **(ပုံ)**

MOALI ပြန်ကြားရေး

လူမှုစီးပွားဘဝ တိုးတက်ရေး မွေးမြူရေးကဏ္ဍ မြှင့်တင်

နှစ်စဉ် တိုးတက်များပြားလာသော လူဦးရေနှင့်အညီ စားနပ်ရိက္ခာ ဖူလုံရန်အပြင် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နိုင်ရေးသည် အရေးကြီးပေသည်။

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ အစာအာဟာရ ပြည့်ဝစေပြီး အစားအစာဘေးကင်း လုံခြုံမှုရှိစေခြင်း၊ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုရရှိစေနိုင်ခြင်းနှင့် တိရစ္ဆာန်မှ ထွက်ရှိသော အညစ်အကြေးများကို စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြု နိုင်သည်။

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် အသား၊ ငါးစေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချနိုင်ရန် ဒေသအတွင်း ဖူလုံမှုကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သည်။

ပိုလျှံသော သားငါးထွက်ကုန်များကို ကုန်ချောအဖြစ် ထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နွားမွေးမြူရေးလုပ်ငန်းများက နို့နှင့် နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်ကာ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်မွေးမြူထုတ်လုပ်နိုင်သည့် နိုင်ငံအဖြစ် ရပ်တည်နေပြီး ပြည်တွင်းစားသုံးမှု လုံလောက်သည့်အပြင် ပြည်ပသို့ တင်ပို့နိုင်သည့် အခြေအနေများကို ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပညာနှင့် အရင်းအနှီးများ ထပ်မံပေါင်းစပ်ကာလတိုအတွင်း အကျိုးရှိသည့် လုပ်ငန်းဖြစ်ပြီး၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အပေါ် မှီခိုမှုအနည်းဆုံး လုပ်ငန်းဖြစ်ရာ၊ ကောင်းမွန်သည့် မွေးမြူရေးလုပ်ငန်းကျင့်စဉ်ကို အသုံးပြုကာ ဆုံးရှုံးမှု နည်းပါးစွာဖြင့် လုပ်ကိုင်နိုင်သော လုပ်ငန်းလည်း ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် သားငါးကဏ္ဍ ထုတ်လုပ်မှု တိုးမြင့်စေရေးအတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များရရှိရေး၊ တိရစ္ဆာန်ဖြည့်ဆည်းနိုင်လာပါက၊ ပြည်ပတင်ပို့နိုင်ရန် ထုတ်လုပ်မှု ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ရာ၊ မွေးမြူ ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်အစာထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်းများအပြင်၊ မွေးမြူရေးတန်ဖိုးကွင်းဆက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် သက်ဆိုင်ရာဌာနများက ဖိတ်ခေါ်ထားသည်။

အကါသား

မွေးမြူရေးလုပ်ငန်းသည် အစာပင်များ စိုက်ပျိုး၍ လှန်ကျောင်းလွှတ်ကျောင်းသည့်စနစ်မှ လှောင်မွေး ရိတ်ကျွေးစနစ် ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ ရေထွက်ပစ္စည်း ထုတ်လုပ်မှုတွင်လည်း ဖမ်းဆီးထုတ်လုပ်ခြင်းထက် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ထို့ပြင် နို့စားနွား တိုးချဲ့မွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေး၊ အသားထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးတို့အတွက် မွေးမြူရေးအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် မွေးမြူရေးဇုန်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ထောင်ရန် စီစဉ်လျက် ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးလုပ်ငန်းများတွင် အသားစားကြက်နှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ဝက်မွေးမြူရေးတွင် စီးပွားဖြစ် မွေးမြူရေးအပြင် အလယ်အလတ်နှင့် အသေးစား မွေးမြူရေးလုပ်ငန်းအဖြစ် လုပ်ကိုင်မှုများလည်း ရှိကာ ကျွဲ၊ နွား၊ သိုး စသည့် မွေးမြူရေးလုပ်ငန်းများကို ကျေးလက်ဒေသများ၌ တစ်ပိုင်တစ်နိုင် မွေးမြူရေး စနစ်ကို အခြေခံ ထားဆဲ ဖြစ်သည်။

ထို့ကြောင့် မွေးမြူရေးကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ကုသခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ရရှိလာစေရန် မေထုန်မဲ့သားစပ်ခြင်း၊ မျိုးမြှင့် သားစပ်ခြင်း၊ တိရစ္ဆာန်နှင့် အသားကို စစ်ဆေးခြင်း၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူရန် ပညာပေးခြင်းများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မွေးမြူရေး ချေးငွေများကို စီစဉ်ပေးလျက်ရှိသည်။

သို့သော် တစ်ပိုင်တစ်နိုင်နှင့် အလယ်အလတ်မွေးမြူရေး လုပ်ငန်းများက ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် စျေးကွက်ပို့ဆောင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေကြရဆဲပင် ဖြစ်သည်။

အသားနှင့်နို့ စသည့်မွေးမြူရေးထုတ်ကုန်များသည် ပျက်စီးလွယ်၊ ပုပ်သိုးလွယ်သည့်ပစ္စည်းများဖြစ်၍ ကြာရှည် ထိန်းသိမ်းထားနိုင်သည့် အအေးခန်းစနစ်များကို ရေထွက်ကုန်များဖြစ်သော ငါး၊ ပုစွန်များကဲ့သို့ အဆင့်မြှင့် ထုတ်လုပ်နိုင်ရန် လိုအပ်နေဆဲ ဖြစ်သည်။

သို့ဖြစ်၍ ရေရှည်တည်တံ့သည့် မွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်ပေးပါက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာကာ လိုအပ်သည့် အသား အာဟာရကို စျေးနှုန်းသက်သာစွာ သုံးစွဲနိုင်မည် ဖြစ်ပြီး၊ အလုပ်အကိုင် အခွင့် အလမ်းနှင့် ဝင်ငွေရရှိရေးကို ဆောင်ရွက်နိုင်လာမည်ဖြစ်၍ လူမှုဘဝများလည်း မြင့်မားလာကာ နိုင်ငံစီးပွား မြှင့်တင်ရေးကိုလည်း များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပေသည်။

■